www.burmeseclassic.com

ဘာဆုတွေကို တောင်းကြမှာလဲ

ပေးသောဆုလည်း ရပါစေ၊ တောင်းသောဆုလည်း ပြည့်ပါစေ

# ဆုပေးဆုတောင်း

## အမျိုးမျိုး

နှင့်

## ရေစက်ချအမျှဝေ

**ဆုပေး**

ရှင်မာကု

ရှင်ကစ္စည်း

အနာထပိဏ်

စိတ္တသူကြွယ်

ဇောတိကသူကြွယ်

**ဆုတောင်း**

ရှင်သာရိပုတြာ

ဝေဿန္တရာ

နိမ္မာန်ဆုတောင်း

ယောကျ်ားမြတ်ဆုတောင်း

မဟာဒုတ်

www.burmeseclassic.com

www.burmeseclassic.com

ဘာဆုတွေကို တောင်းကြမှာလဲ၊
ပေးသောဆုလဲ ရပါစေ၊
တောင်းသောဆုလဲ ပြည့်ပါစေ။

# ဆုပေးဆုတောင်းအမျိုးမျိုး
# နှင့်
# ရေစက်ချအမျှဝေ

နေ့စဉ်သံဃာတော်အပါး (၁၀၀)ကျော်တို့အား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူသော ဒါနထဲတွင် ဒို့ခေတ်စာပေကို အားပေးကြသော သင်တို့၏ ကုသိုလ်လည်း ပါဝင်ပါသည်။

(ဒို့ခေတ်စာပေ)

ဖြန့်ချိရေး
**ဒို့ခေတ်စာပေ**
အမှတ် ၄၀၊ ငွေလရောင်လမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊
ဝဋ္ဋလစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ အလင်းရောင်ဘုရားပင့် - ၁
၂။ မကိုဋ္ဌထွတ်ဦး အောင်သုထူး ဘုရားရှိခိုးတော်ကြီး - ၅
၃။ နံနက်အချိန် ဆွမ်း ရေချမ်း ဆီမီး ပန်း အားလုံးကပ်လှူရန် - ၆
၄။ နတ်ပင့် - ၆
၅။ ကန်တော့ရန် - ၈
၆။ ငါးပါးသီလဆောက်တည်ရန် ပါဠိနှင့်အနက် - ၉
၇။ အနုရုဒ္ဓါဆုပေး - ၁၃
၈။ မယ်ခေမာဆုပေး - ၁၄
၉။ ဇောတိကာသူကြွယ်ဆုပေး - ၁၅
၁၀။ စိတ္တသူကြွယ်ဆုပေး - ၁၆
၁၁။ အနာထပိဏ်ဆုပေး - ၁၆
၁၂။ ရှင်တကူ + ရှင်ပစ္စည်းဆုပေး - ၁၇
၁၃။ ဂုဏ်တော်ဂါထာဆုပေးရန် - ၁၈
၁၄။ မဟာဒုက်ဆုတောင်း - ၂၃
၁၅။ ရှင်သာရိပုတြာဆုတောင်း - ၂၃
၁၆။ ဝေဿရာဆုတောင်း - ၂၄
၁၇။ နိဗ္ဗာန်ဆုတောင်း - ၂၅
၁၈။ ပညာတတ်ယောက်ျားမြတ်ဆုတောင်း - ၂၆
၁၉။ မဟာဝိရတနာဆုတောင်း - ၂၇
၂၀။ နေ့စဉ်ကျင့်ရန်အစီအစဉ် - ၄၂
၂၁။ သုတစ်ပါးကသိုလ်ကိုဝမ်းမြောက်ခြင်း - ၄၃
၂၂။ မင်္ဂလာတရား (၃၈) ပါး သံပေါက် - ၄၅
၂၃။ ဆုတောင်းအမျှဝေ - ၄၇


www.burmeseclassic.com

www.burmeseclassic.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အလင်းရောင်ဘုရားပင့်

မုနိန္ဒက္ကော တမံ မောဟံ၊
ဟန္တွာ ဗောဓေသိ ပင်္ကဇံ။
ခနံ သဒ္ဓမ္မရံသီဟိ၊
ဇိနေဿ မေ ဌာတု သီသကေ။

ဇိနေဿ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးပါး ဘေးရန်များကို ထင်ရှားအောင်မြင်တော်မူနိုင်ပေထသော။ မုနိန္ဒက္ကော၊ ရောင်ဝါတန်ခိုး အမျိုးမျိုးကို လွှမ်းမိုးပိုင်နင်း အကြင်သူရိယမည်သော ရှင်နေမင်းကြီးသည်။ ရံသီဟိ၊ စကြဝဠာ လောကဓာတ်လေးကျွန်းပတ်၍ မပြတ်လှည့်လည် တစ်ထောင်သော ရောင်ခြည်တော်တို့ဖြင့်။ တမံ၊ မိုးတိမ်ယှက်နွယ် ဥမင်လယ်ဟု လကွယ်သန်းခေါင် အမိုက်မှောင်ကို။ ဟန္တွာ၊ မိုက်မှောင်ကွယ်ပျောက် အလင်းရောင်အောင် ပယ်ဖျောက်ဖျက်ဆီး သုတ်သင်ပြီး၍။ ပင်္ကဇံ၊ ပွင့်ချပ်တစ်ရာ တင့်တယ်စွာသည့် ရောင်ဝါထိန်းလျှမ်း ပဒုမ္မာမည်သော ကြာပန်းကို။ ဗောဓေသိယထာ၊ နေရောင်ခြည်တင့် ငုံအာရင့်၍ ပွင့်စေတော်မူဘိသကဲ့သို့။ ဇိနေဿ၊ ဒေဝပုတ္တ စသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးထသော၊ ယော မုနိန္ဒက္ကော၊ ရဟန်းလေးမျိုး ဘုန်းတန်ခိုးဖြင့် အုပ်စိုးပိုင်နင် အကြင်မြတ်စွာဘုရားတည်းဟူသော ရှင်နေမင်းကြီးသည်။ သဒ္ဓမ္မရံသီဟိ၊ နေ,လ,ရာ,ထောင် မကသောင်း၍ ဝင်းပြောင်

www.burmeseclassic.com

www.burmeseclassic.com


အေးကြည် သူတော်ကောင်းတရားတည်းဟူသော ရောင်ခြည်တော်တို့ဖြင့်၊ မောဟံ၊ သူကန်းတမျှ ပိတ်ကွယ်လှသည့် မောဟတိမ်တောင် အမိုက်မှောင်ကို။ ဟန္တာ၊ အရဟတ္တမဂ် ရောင်စုံယှက်သဖြင့် လက်လက်ထိန်လင်း ပယ်ဖျက်ခွင်း၍။ ဇန်၊ ပါရမီရင့် ကျွတ်ထိုက်သင့်သည် ကြာနှင့်တူစွာ သတ္တဝါအပေါင်းတို့ကို။ ဗောဓေသိ သစ္စာလေးဆင့် ကားကားစွင့်၍ ပွင့်စေတော်မူပြီ။ သောမုနိန္ဒကျော ထိုမြတ်စွာဘုရားတည်းဟူသော ရှင်နေမင်းကြီးသည်။ မေ၊ ခန္ဓာပဉ္စက သမ္မူဟာကို အတ္တာမှည့်ခေါ် တပည့်တော်၏။ သီသကေကိုယ်ဒြပ်တွင် အမြတ်တင်သည့် ဦးကင်းရတနာ၊ မြတ်အင်္ဂါထက်၌။ ဌာတု-တိဋ္ဌတု၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှည့်ပါ့ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား။

ဌာတု-တိဋ္ဌတု၊ ဤသို့သဘော ဤသို့သောဟု နည်းပြောလမ်းပြ ဆိုဆုံးမစေခြင်းငှာ ကြွရောက်ကိုယ်တိုင် ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှည့်ပါ့ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား။

ဌာတု-တိဋ္ဌတု၊ ဤသို့သဘော ဤသို့သောဟု နည်းပြောလမ်းပြ ဆိုဆုံးမစေခြင်းငှာ ကြွရောက်ကိုယ်တိုင် ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှည့်ပါ့ နေတနှုန်းမက ရွှေဘုန်းတော် ကြွပါတဲ့ ဇိနမာရ်အောင် မြတ်ဘုန်းခေါင် ရှင်တော်မြတ်ဘုရား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com


## မကိုဋ်ထွတ်ဦး အောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ယေစက္ကော ယေနှာယော၊
ယေတိဗ္ဗေ ယောသနေ။
ယောပေသိ ယေသိန်၊
ယံဒေတု ယေဟုတ္တရော။

ယောဇယစက္ကော၊ ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇယာသနေ၊ အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိပင်ရင်း၌။ ဇယိတဗ္ဗေ၊ အောင်အပ်သည့်တရား မာရ်ငါးပါး အပေါင်းတို့ကို။ ဇယန္တော၊ အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြိုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။ ဇယေသိန်။ မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မင်္ဂဖိုလ်ကိုများထိုထို ဝင်ရအတွင်းမှ လွှတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား။ ဇယာပေသိ၊ ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းဆွတ်ချူ၍ ထွတ်အငူ အမြိုက်ခာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူလေပြီ။ ဇယုတ္တရော၊ အောင်သူတကာတို့၏ မှန်ကင်း, အောင်ခြင်းဒကာတို့၏ ဦးသျှောင်, ထွတ်ခေါင်မြတ်သရဖူ, သယမ္ဘူမကိုဋ်ထီး၊ အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီးဖြစ်ပေထသော။ ယော ဇယစက္ကော၊ အလုံးစုံအောင်ခြင်းနှင့်ပြည့်စုံတော်မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ မြတ်နိဗ္ဗူ အောင်ပန်းကိုဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။ ဇယံ၊ အောင်ခြင်းကို (ဝါ) အောင်ပန်းဝေမြိုင် အောင်ဖူးတွေ ကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို။ ဒေတု၊ ပေးသနားတော်မူပါ အရှင်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

## နံနက်အချိန် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း အားလုံးကပ်လှူရန်

အရဟာတာဒိ နဝဂုဏောဟိ၊ အရဟံ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္တာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာလည်း ဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတီယဿ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿ စေတီ၊ ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏ၊ ဂန္ဓ၊ သမ္ပန္နာနိ၊ အဆင်း အနံ့အရသာတို့နှင့် ပြည့်စုံကုန်သော။ ဣမာနိ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယာဒီနိ၊ ဤဆွမ်းခဲဖွယ်ဘောဇဉ် အချိုအချဉ် အရသာနှင့်တကွ ဤသောက်တော်ရေချမ်း၊ ဆီမီး၊ ပန်းတို့ကို။ ဒေမိ၊ ကပ်လှူပူဇော်ပါ၏။ မေ၊ အကျွန်ုပ်၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ခန်းရာ[illegible]ကြောင်းဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။

### နတ်ပင့်

**သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။**
**သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။**
**ဓမ္မဿဝန ကာလော အယံ ဘဒ္ဒန္တာ။**

သမန္တာ၊ စကြဝဠာ ဤက အတည်စ၍ ဒီသလေးရပ် တပြေးစပ်လျက် မေးကပ်ဖက်ယှဉ် ထက်ဝန်းကျင်မှ။ စက္ကဝါဠေသု၊

www.burmeseclassic.com

www.burmeseclassic.com


တံတိုင်းချင်းစပ် ဝိုင်းရံမှတ်၍ ချဉ်းကပ်ဆက်ကာ တစ်သောင်း
သော စကြဝဠာတိုက်တို့၌။ ဝသန္တာ၊ ရှိန်ဟုန်ဖိတ်လျှံ ဘုံပိမာန်နှင့်
မိတ်သံရွှေစုံနေကြကုန်သော။ ဒေဝတာ၊ အာကာသဋ္ဌ ဘုမ္မဋ္ဌနှင့်
သက္ကအာဒိ ဗြဟ္မာထိအောင် များရှိပျော်အောင်း နတ်အပေါင်း
တို့သည်။ မုနိရာဇသာ၊ သံသရာဘေးကျွမ်း လွတ်အေးချမ်းဖို့
တွေးမှန်လာခ သာဝကတို့၏ အာသဘာစမ္မရာဇ် ရဟန်းမင်းကြီး
ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဂ္ဂမောက္ခဒ်၊ လူ့ရွာ
နတ်တိုက် ဗြဟ္မာ့ဆိုက်အောင် အမြိုက်သုတ ဟူသမျှတို့ကို
ဝေငှတော်မူတတ်သော။ သဒ္ဓမ္မ၊ အနဂ္ဃဖြိုးလျှံ ကိုးမျက်စံကဲ့သို့
ဖိုးမှန်ထားဖြတ် တရားတော်မြတ်ကို။ သောတုံ၊ ဒုလ္လဘထဲ
ကြုံရခဲတွင် ကြုံဆဲကြုံရ ကြုံတွေ့ရပေ၏ဟု သောမနစိတ်သွင်း
နာကြားခြင်းငှာ။ အတြာ၊ ငါတို့ ယခု စည်းဝေးပြုကြသည့်
ဗိုလ်ထုပရိသတ် ဤအရပ်သို့။ အာဂစ္ဆန္တု၊ ဆင့်ကာဆင့်ကာ
ဖင့်မကြာဘဲ သင့်ရာဆုံစု လာကြကုန်လော့။ သုဏန္တု၊ ဖရဏာ
လျှမ်းမောက လက်ယန်းပေါက်ဖြင့် ဝမ်းမြောက်ကြည်ယုံ နာကြ
ကုန်လော့။ ဘဒ္ဒန္တာ၊ စကြဝဠာရိုက်သျှောင်း တိုက်တစ်သောင်းမှ
ဆိုက်အောင်းပျော်ပါး အိုး…နတ်အများတို့။ အယံကာလော၊
အများပရိသတ် သူတော်မြတ်တို့ စည်းကြပ်စုဝေး သံပြိုင်
ကြွေး၍ ငြိမ့်အေးညီညာ ရွတ်ကြလိမ့်မည် ဤအခါသည်ကား။
ဓမ္မဿဝနကာလော၊ အနုတ္တရ သမ္ဗုဒ္ဓတို့၏ ထုတ်ပြနိုင်ချိ
ဗျာဒိတ်ဆီကို သီဂီထားလိမ့် ထောင်နားစိမ့်၍ ကြားနာရလိမ့်
အခါပေတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ရန်

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော သုံးပါးသော ကံတို့တွင် တစ်ပါးပါးသော ကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ မြတ်သုံးပါးတို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော အကျိုးအားဖြင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ ဒဏ်(၁၀)ပါး၊ ပျက်စီးကြောင်း(၈)ပါး၊ (၁၆)ပါးသော ဥပဒ္ဒဝေါ၊ (၃၂)ပါးသော ကံကြမ္မာ၊ (၂၅)ဖြာသော ဘေး အစရှိသော ဒုမင်္ဂလဒုက္ခ ဝေဒနာဟူသမျှ အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ အဆုံးစွန်သောဘဝ နောက်ကာလ၌ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

(ဤကန်တော့ခန်းအဆုံးတွင် သံဃာတော်မြတ်များက ဆုပေးလိမ့်မည်။ ဆုပေးပြီးသောအခါ အောက်ပါအတိုင်း ဆိုကြပါလေ။)

(ဟောကြားတော်မူသည့်အတိုင်း ပြည့်စုံရပါလို၏ အရှင်ဘုရား။)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ငါးပါးသီလဆောက်တည်ရန် ပါဠိနှင့် အနက်

### သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(အာမ ဘန္တေ ပါ အရှင်ဘုရား)

### သရဏဂုံဆောက်တည်ရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (သုံးကြိမ်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(အာမ ဘန္တေ ပါ အရှင်ဘုရား)

### သီလဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

www.burmeseclassic.com

www.burmeseclassic.com

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(အာမဘန္တေပါ၊ အရှင်ဘုရား)

**သီလတောင်းအနက်**

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသော သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာတော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ အစဉ်ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသော သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာတော်မြတ်ကို။ ယာစာမိ၊ တောင်းပန် ပါ၏။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ အစဉ်ချီးမြှောက် ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ ဘုရား။

တတိယမ္ပိ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသောသီလဟု ဆိုအပ်သော။ ဓမ္မံ၊

www.burmeseclassic.com

www.burmeseclassic.com 

ကျင့်ဝတ်သိက္ခာတော်မြတ်ကို။ ယာစာမိ၊ တောင်းပန် ပါ၏။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ အစဉ်ချီးမြှောက် ခြင်းကို။ ကတွာပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ ဘုရား။

(ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အမိန့်ရှိတော်မူသည့်အတိုင်းပါ ဘုရား။)

## နမောတဿအနက်

အရဟတော၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ်တည်းဟူသော ဉေယျဓမ် တရားငါးပါးကို မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင် သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

## သရဏဂုံအနက်

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဓမ္မံ၊ တရားတော်

www.burmeseclassic.com

မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အမိန့်ရှိတော်မူသည့်အတိုင်းပါဘုရား။)

## သီလဆောက်တည်ရန်အနက်

(၁) ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။

www.burmeseclassic.com

www.burmeseclassic.com 

သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ၊ သူတစ်ပါးသော မယားကို ဖြစ်မှားကျူးလွန်သောအကျင့်မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

(၄) မုသာဝါဒါ၊ မဟုတ်မမှန်သော စကားပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ကုသိုလ်ကောင်းမှုဒို့ မမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

(ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အမိန့်ရှိတော်မူသည့်အတိုင်းပါဘုရား။)

◆ ◆ ◆

## အနုရုဒ္ဓါဆုပေး

သာဓု, သာဓု, သာဓု၊ ယခုပြုရ ကုသလကြောင့်၊ ဖြစ်လေရာ ဘဝ ဖြစ်လေရာ ဌာနတို့မှာ နတ်ဖြစ်လျှင်လည်း ရှိန်ဝါတန်ခိုး အမျိုးမျိုးနှင့် ပြည့်စုံကြွယ်ဝသည့် နတ်ချမ်းသာဖြစ်ရ၍, လူဖြစ်လျှင်လည်း အနုရုဒ္ဓါ လောင်းလျာကဲ့သို့ မရှိဆိုတဲ့ စကားနားဝမှာတောင် မကြားရဘဲ လိုအင်ဆန္ဒ ဟူသမျှတို့ လိုတိုင်းတ,

www.burmeseclassic.com

www.burmeseclassic.com


တစ်တိုင်းပြည့်ဝ၊ ကုံလုံကြွယ်ဝသည့် ချမ်းသာပြည့်ဝသည့် လူ့ဘဝကို ရရှိနိုင်ပြီး ပါရမီရင့်သန် မြတ်နိဗ္ဗာန်ကို ရည်မှန်းတောင့်တစွာ မြတ်ရဟန်းဘဝသို့ ဝင်ရောက်ရာ အခါသမယ၌လည်း ဒိဗ္ဗစက္ခု၊ ဉာဏ်မျက်ရှုအရာ၌ "ဤရဟန်းကား ရဟန်းတကာတို့တွင် အသာလွန်ဆုံးပေတည်း" ဟု သက်တော်ထင်ထင် မြတ်ဘုရားရှင် ကိုယ်တော်တိုင် ဧတဒဂ်အရှင် ဂုဏ်ထွဋ်တင် အပ်သည့် ရဟန်းမြတ် ရဟန်းထူး ဘဝကို ရယူပိုင်ဆိုင်နိုင်ရန် သတ္တဝါအားလုံးတို့၏ အမြတ်ဆုံးပန်းတိုင်ဟု ဧကန်ခေါ်ဆိုနိုင်သည့် အသခ်တဓာတ်၊ အငြိမ်းဓာတ်ကို လွယ်ကူသက်သာ ချမ်းသာစွာဖြင့် ရယူနိုင်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ စင်စစ်မသွေ ဖြစ်နိုင်ကြပါစေသတည်း။

❖ ❖ ❖

## မယ်ခေမာဆုပေး

သာဓု၊ သာဓု၊ သာဓု၊ ယခုပြုရ၊ ကုသလကြောင့်၊ ဒုက္ခဟူသမျှ၊ မတွေ့ရဘဲ၊ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း ယောကျ်ားဖြစ်လျှင်လည်း သာမန်ယောကျ်ား မဟုတ်ကြားဘဲ အများတကာထက် ထူးချွန်ထင်ရှားသည့် ယောကျ်ားမြတ်၊ ယောကျ်ားထူး အာဇာနည် ပုဂ္ဂိုလ်မျိုးဖြစ်ရ၍ မိန်းမသားဖြစ်လျှင်လည်း တစ်မူထူးခြား မယ်ခေမာ မိဖုရားကဲ့သို့ လှပရုပ်သွင် အများတကာ မယှဉ်သာအောင် မြင်သူတိုင်းငေး လှယဉ်ကျေး၍ ချောမောလှသည့် မိန်းမမြတ်သာဖြစ်ရ၍ အိမ်ရာတည်ထောင် လူ့ဘောင်ပြီးငွေ့ ရဟန်းတရားတွေ့၍ ဘိက္ခုနီဘောင် ဝင်ရောက်ရာ အခါ၌လည်း ပညာအရာ **ထူးခြားလွန်ကဲ** နက်နဲလှသည့်အတွက် ဘုရားရှင်

www.burmeseclassic.com 

ကိုယ်တော်တိုင် ပညာအရာ၌ ဧတဒဂ်ဘွဲ့ထူးဖြင့် ဂုဏ်ပြု ချီးကျူးအပ်သော ဘိက္ခုနီမျိုးဖြစ်ရ၍ ထို့နောက် တစ်ဖန် အဂ္ဂသာဝိကာ ဂုဏ်ထွင်ဖြာသည့် လွန်စွာထူးလတ် ပုဂ္ဂိုလ်မြတ်ဘဝကို ရယူပိုင်ဆိုင်နိုင်လျက် နိဗ္ဗာန်သောင်စခန်း တစ်ဖက်ကမ်းသို့ လွယ်လင့်တကူ ကူးခတ်ရောက်နိုင်ပါစေသတည်း။

❖ ❖ ❖

## ဇောတိကသူကြွယ်ဆုပေး

သာဓု၊ သာဓု၊ သာဓု၊ ယခုပြုရ ဤပုညကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ အထက်တန်းကျကျ မျက်နှာပန်းလှသည့် နတ်ပြဟ္မာဘဝသို့ ရောက်ရှိနိုင်၍ ကုသိုလ်အခွင့်အရေး လွန်စွာပေးသည့် လူ့ဘဝသို့ ရောက်ရှိပါကလည်း ဘုရားရှင်လက်ထက်တော်အခါက လွန်စွာ သဟာင်းမွေးသည့် သူဌေးကြီးလေးဦးတို့တွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဇောတိကသူကြွယ်ကဲ့သို့ ဒုက္ခအဖုံဖုံ မတွေ့မကြုံရဘဲ ရတနာမျိုးစုံ ချမ်းသာစုံကို ခံစားစံစားရပြီး ပိုင်ဆိုင်သမျှ ဥစ္စာဓနအဝဝတို့သည် ရန်သူမျိုးငါးပါးကြောင့် မပျက်စီးရဘဲ မိမိလက်၌ အကြိတ်အခဲ အမြဲတည်ရှိနိုင်လျက် သက်တော်ထင်ထင် ဘုရားရှင် သာသနာတော်၌ သဒ္ဓါတရားထက်သန်စွာဖြင့် ဒါနမျိုးစုံကို ပေးကမ်းစွန့်ကြဲ လှူဒါန်းနိုင်သည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်ရပြီး ပါရမီပြည့်ဝ နောက်ဆုံးဘဝသို့ ရောက်ရှိရာအခါ၌ လွယ်ကူသောအကျင့်၊ လျင်မြတ်သော အသိဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ရယူပိုင်ဆိုင်ကြပါစေသတည်း။

❖ ❖ ❖

www.burmeseclassic.com

 www.burmeseclassic.com

## စိတ္တာသူကြွယ်ဆုပေး

သာဓု, သာဓု, သာဓု, ယခုပြုရ ပုညကုသိုလ် အထိုထိုကြောင့် အပါယ်ဒုဂ္ဂတိ မရောက်ရှိဘဲ သုဂတိဘဝမျိုး၌သာ ကျင်လည်ရ၍ နတ်ပြည်ဗြဟ္မာဘဝ၌ ဖြစ်ရလျှင် အခြံအရံ နတ်အများ ခစားဝန်းရံ စည်းစိမ်မျိုးစုံ ခံစားရပြီး လူ့ဘဝ တစ်ဖန်ဖြစ်ရပြန်လည်း ဂုဏ်ထူးဝိသေသ ပေါကြွယ်လှသည့် စိတ္တသူကြွယ်ကဲ့သို့ မိတ်ဆွေမိတ်ကောင်း အပေါင်းအသင်း ခင်မင်ပေါများ၊ မိတ်သင်္ဂဟာများနှင့် အခြံအရံ အစေအပါး ခစားဝန်းရံလျက် ပျော်ရွှင်ဖွယ်ရာ စည်းစိမ်မျိုးမျိုး ခံစားရ၍ ဘုရားရှင်သာသနာ၌ ဒါနမျိုးစုံ အဖုံဖုံကို ရက်ရောထက်သန်စွာ လှူနိုင်တန်းနိုင်ပြီး ကိုယ်တိုင်သိသမျှ မြတ်ဓမ္မကို သူတပါးအများ မှတ်သားသိစိမ့်သောငှာ မွန်မြတ်စိတ်ထား သဒ္ဓါတရားဖြင့် ပြန်လည်ဟောပြ ဓမ္မကထိကအရာ၌ လူပုဂ္ဂိုလ်ထဲတွင် အသာလွန်ဆုံးအတော်ဆုံး ပုဂ္ဂိုလ်ပေတည်းဟု ဘုရားရှင် ကိုယ်တော်တိုင်ချီးမြှင့်အပ်သည့် ဧတဒဂ်ဘွဲ့ထူးကို ရရှိနိုင်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်ရ၍ အဆုံးဘဝ နောက်ကာလ၌ သူတော်ကောင်းတို့စံပျော်ရာ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို ရရှိရောက်ရှိနိုင်ပါစေသတည်း။

## အနာထပိဏ်ဆုပေး

သာဓု, သာဓု, သာဓု, ယခုပြုရ ကုသလကြောင့် ဘဝဘဝဖြစ်သမျှမှာ နိမ့်ကျသောဘဝ သိမ်ငယ်သောဘဝတို့၌ မဖြစ်ရမကျင်လည်ရဘဲ ရောက်လေရာဘဝ ဖြစ်လေရာဌာနတိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com


အများအလယ် ဂုဏ်တင့်တယ်သည့် မြင့်မြတ်သည့် ဘဝ၌ ဖြစ်ရ၍ စည်းစိမ်ဥစ္စာအရာ၌လည်း အနာထပိဏ် ဂုဏ်ပေါင်း ထိန်သည့် သူဌေးမင်းကဲ့သို့ ဘောဂမှ လွန်ကြွယ်စကား ကိုးကွယ်ရာမဲ့ သူဆင်းရဲတို့အား မေတ္တာရှေ့ထား သဒ္ဓါတရားဖြင့် ရက်ရက်ရောရော ပေးကမ်းလှူဒါန်းနိုင်ပြီး အမြတ်ဆုံးဒါန ခေါ်ဆိုရသည့် ဝိဟာရ(ကျောင်း)အလှူကို တစ်လောကလုံး၌ အလှူခံ ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သော ဘုရားရှင် ကိုယ် တော်တိုင်အား လှူဒါန်းနိုင်သည့် လွန်ထူးမြတ်သည့် အခွင့် အရေးကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်လျက် ဘုရားသာသနာတော် တိုင် ချီးကျူးအပ်သည့် ဒါယကာ တေဒဂ်ဘွဲ့ထူးကို ရယူနိုင်ကာ သံသရာဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်းဖြစ်သော ချမ်းသာရာ တရားအစစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်ပါစေသည်။

❖ ❖ ❖

## ရှင်ဗာကုလ + ရှင်ကစ္စည်းဆုပေး

သာခု၊ သာခု၊ သာခု၊ ယခုပြုရ မြတ်ပုညကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ အင်္ဂါခြေလက်၊ ပြည့်စုံလတ်၍၊ စည်းစိမ်ဥစ္စာ၊ ပညာတန်ခိုး၊ အမျိုးမျိုးတို့၌ အောက်တန်းမကျ၊ ပြည့်စုံလှကာ၊ ကောင်းမြတ်သောဘဝ ပြည့်စုံ၍ အထက်တန်းကျသော ဘဝ တို့၌သာ ကျင်လည်ရပြီး ကုသိုလ်ရှေးကံအကြောင်း ကောင်းစွာ ပြည့်ဝသဖြင့် ယခုဘဝ၌ အရာရာ လိုလေးသေးမရှိ ပြီးပြည့် စုံသည့် အနာမဲ့သူ ရှင်ဗာကုလကဲ့သို့ အသက်ရာစ်ရာခြောက်ဆယ် အရွယ်တိုင်အောင် အသေးအမွှားရောဂါလေးမျှ မဖြစ်ရဘဲ ကျန်းမာရွှင်လန်း လူ့ဘဝ၊ ရဟန်းဘဝ နှစ်ဖက်လုံး၌ အများက

www.burmeseclassic.com

www.burmeseclassic.com


အားကျရသည့် ဘဝမျိုးကို ပိုင်ဆိုင်နိုင်လျက် အနာကင်းသူ ရဟန်းရှင်လူတို့တွင် ထူးခြားထင်ရှားသဖြင့် အပွါဗာမတေဒဂ် ဘွဲ့ထူးရယူနိုင်သည့် ကိုယ်ဖြစ်နိုင်ပြီး…

ထိုပြင်တစ၊ ရုပ်ဆင်းရူပကာယ၊ လွန်စွာလှပ, လွန်စွာ ချောမောသော အရှင်မဟာကစ္စာယန မထေရ်မြတ်လို ဘဝ မျိုးကို ရရှိနိုင်ပြီး သဒ္ဓါထက်သန်၊ မြတ်နိဗ္ဗာန်ကို ရည်သန် တောင့်တ၊ မြတ်ရဟန်းဘဝသို့ ဝင်ရောက်ရာအခါ၌လည်း သံခိတ္တ အကျဉ်းဒေသနာကို အကျယ်ချဲ့ကာ သိမြင်ဟောပြ ရာ၌ အထူးကဲဆုံး ပုဂ္ဂိုလ်မြတ်ဖြစ်ရပြီး မဂ်ဖိုလ်နိဗ္ဗာန်တရားကို လွယ်ကူသက်သာ အားထုတ်ရရှိနိုင်ပါစေသတည်း။

❖ ❖ ❖

## ဤရွှိတ်ဂါထာ ဆုပေးရန်

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပ မေဝ သမိဇ္ဈတု။ သဗ္ဗေပုရေန္တု သင်္ကပ္ပါ၊ စန္ဒောပန္နရသောယထာ။ တုယှံ၊ ယနေ့ယခု ကျွေးမွေး ပေးကမ်း လှူဒါန်းသော သင်အလှူရှင် အလှူအမအား။ ဣစ္ဆိတံ၊ လိုအပ်သမျှ၊ ခန္ဓေ္ဓဝွေ အတွေတွေသည် လည်းကောင်း၊ ပတ္ထိတံ၊ တောင်းတအပ်သမျှ လောကကျက်သရေ အတွေတွေ သည် လည်းကောင်း၊ ခိပ္ပမေဝ၊ လျင်မြန်စွာ၊ သမိဇ္ဈတု၊ တောင်းတိုင်းရ၍ တ,တိုင်း စုံလင် ဂုဏ်အင်ပြည့်ဖြိုး ရွှာသည့်မိုးသို့ တက်တိုးကုံလုံ ပြည့်စုံ ပါစေတည်း။ ပန္နရသော၊ တိထိဆန်းတက် တစ်ဆယ့်ငါးရက် မြောက်သော။ စန္ဒောယထာ၊ သော်တာယာဉ်နန်း၊ လပြည့်စန်း ကဲ့သို့။ ကုမ္ပ၊ သင်အလှူရှင် အလှူအမ၏။ သင်္ကပ္ပါ၊ ကိုးကြောင်း

www.burmeseclassic.com



တက်ကြောင်း အကြံကောင်း အစည်ကောင်းဟူသမျှတို့သည်။ ပုရေရှ္မ၊ ဓောတိကနှင့် ဧဋ္ဌိလပုံနှယ် ဂုဏ်ကြွယ်ပုံ့မွေး အစဉ် ဒွေးကြပါသဖြင့် ရှင်အေးပြည့်စုံကြပါစေသတည်း။

❖ ❖ ❖

## တစ်နည်းဆုပေး (ဤသို့ ကန်တော့လက်စုံမိုး၍...)

ဤသို့ ကန်တော့ လက်စုံမိုး၍ ရှိခိုးရသော ပဏာမ စေတနာသည် လ,နှစ် ဘဝရှည်မကြာ၍ ခုနစ်ရက်အတွင်း မနေသာဘဲ သေချာစွာ ကောင်းကျိုးရဖို့ကို အကြောင်းအမျိုးမျိုး ပြလို့ ညီစွာလျော်သော ဋီကာကျော် စကားအလာဖြင့် မျှားမကြာ သိန်းတီပေါက်၍ လူ၊ နတ်၊ ဗြဟ္မာ ဘုံအလျောက်၌ သူမြတ်ဟု ဂုဏ်မောက်ဖို့ ပါရမီလုံလောက်ပြီး ဝဋ်ဆင်းရဲကုန်ပျောက်သော နိဗ္ဗာန်သို့ ရောက်နိုင်ကြသည်ဖြစ်စေ။

❖ ❖ ❖

## တစ်နည်းဆုပေး (ဤသို့ရှိခိုးကန်တော့ရသောစေတနာ...)

ဤသို့ ရှိခိုးကန်တော့ရသော စေတနာ အသွယ်သွယ် တို့ကြောင့် လေးအပါယ် ခကျယ်လှပေါင်း ပေါင်းဆိုး မကောင်းကျိုးတို့ကို ဖျက်ချိုးခုတ်ထွင် သုတ်သင်ရှင်းလင်း၍ လူမင်း၊ လူမိဖုရား၊ နတ်မင်း၊ နတ်မိဖုရား များပြားသော စည်းစိမ်ကို အကြိမ်ကြိမ်ခံစားရင်း ဖြစ်ပျက်ခြင်း အနိစ္စကို စိတ်ကစွဲမြဲ ရှုဆင်ခြင်ရင်း ရှစ်မဂ္ဂင်ခရီး ပေါက်၍ ဘဝ အသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ လျင်မြန် မချွတ်ရောက်နိုင်ကြပါ စေသတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ဆုပေး (ဘုရား၊ တရား၊ သံဃာ ရတနာမြတ်...)

ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးတို့အား ဦးထိပ်ထား၍ ယခုလို အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးကန်တော့ရသော ကောင်းမှုကြောင့် ဤယနေ့ ဤအချိန်မှစ၍ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်း၊ ဥပါဒ်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းတို့မှ ကင်းငြိမ်းလွင့်ပျောက်ပြီး တကာလ အို၊ နာ၊ သေရေး၊ ဒုက္ခဘေးတို့မှ ကင်းဝေးရာ အမှန် မြတ်နိဗ္ဗာန်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်ကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ကြပါစေ။

❖ ❖ ❖

## တစ်နည်းဆုပေး (ရတနာသုံးပါးအား ဦးထိပ်ထား၍...)

ရတနာသုံးပါးအား ဦးထိပ်ထား၍ ယခုလို ရှိခိုးကန်တော့ကြရသော ဝန္ဒနာ ပဏာမသက္ကာစ္စ ဂါရဝမင်္ဂလာကြောင့် ဤပစ္စုပ္ပန်လောကဌပင်လျှင် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြ၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာ မိမိတို့လျှောက်လှမ်းရာ ဘဝခရီးမှာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ တိုးတက်အောင်မြင်ကာ လောကီ လောကုတ္တရာ ကောင်းကျိုးတရားများ တိုးပွားအောင် ကြိုးစားနိုင်ကြသည့် သာသနာပြု အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်ကြ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လွယ်ကူသောအကျင့် လျင်မြန်သော အသိပညာဖြင့် ရလွယ်ရောက်လွယ် မျက်မှောက်ပြုလွယ်နိုင်ကြသည် ဖြစ်ကြပါစေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com 

တစ်နည်းဆုပေး (ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့...)

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ကုသိုလ်အားကြောင့် ဘုရား-ပစ္စေကဗုဒ္ဓါ-အရိယာသာဝက တို့၏ ထာဝရပိမာန် အသခ်တဓာတ် အမြတ်ဆုံးနိဗ္ဗာန်သို့ လျှင်မြန်စွာ ရောက်နိုင်ကြပါစေ။

❖ ❖ ❖

တစ်နည်းဆုပေး (အနန္တော အနန္တငါးပါးတို့အားဦးထိပ်...)

အနန္တော အနန္တ ငါးပါးတို့အား ဦးထိပ်ထား၍ (မိမိတို့၏ အတိုးဖြစ်သူအား ကန်တော့ကြောင်းဖြစ်သော၊ ယခုလို ကန်တော့ ကြောင်းဖြစ်သော) ပဏာမကုသိုလ်ကံစေနာ၊ (ကန်တော့ဖွယ် ဝတ္ထု အစုစုတို့ဖြင့် လှူဒါန်းကန်တော့ကြောင်းဖြစ်သော) ဒါန ကုသိုလ်ကံစေတနာ၊ ဤကုသိုလ်ကံ စေတနာ အဖြာဖြာတို့ ကြောင့် ယနေ့ ပစ္စက္ခမျက်မှောက်ဘဝမှစ၍ နိဗ္ဗာန်သို့ ရောက်ကြ သည့်ဘဝတိုင်အောင် ဖြစ်လေရာ သံသရာဒီလိုင်း ဘဝတိုင်း ဘဝတိုင်းတို့၌ မကောင်းသော အနိဋ္ဌာရုံဒေးဒယ်ရန် အသွယ်သွယ် အန္တရာယ်ဟူသမျှ အပေါင်းတို့သည် ပိန်းကြာဖက်တွင် ရေမတင် လျှောကျဘိသကဲ့သို့ ကိုယ်ဝယ်မရောက် ကင်းစင်လွင့်ပျောက် ကြကုန်သည်သာဖြစ်၍ မိမိတို့သည် အလိုရှိအပ် တောင့်တအပ် မြတ်နိုးအပ်သော မြတ်သောအသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း၊ သတိမယုတ်ခြင်း၊ အရွယ် မယုတ်ခြင်း၊ သွားလေရာ လာလေရာ ရောက်လေရာရာ အလုပ် ဌာနတို့၌ ဘေးမသီရန်မခ ကြံသမျှ ပြီးစီးအောင်မြင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

မရရှိအပ်သေးသော ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာတို့နှင့်တကွ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ ရရှိခြင်း ရရှိအပ်ပြီးသော ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့နှင့်တကွ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့သည် မိမိတို့ကိုယ်၌ အကြိတ်အခဲ အမြဲတည်ခြင်းဟု ဆိုအပ်သော ကောင်းကျိုးချမ်းသာ ကျက်သရေ မင်္ဂလာအဖြာဖြာ အပေါင်းတို့နှင့်တကွ ပြည့်စုံကြကုန်သည်ဖြစ်၍ မိမိတို့ လိုလားတောင့်တအပ်သော ဆုထူးဆုမြတ်တို့နှင့်တကွ အအိုချင်ဘဲနဲ့ အိုကြရ၊ မနာချင်ဘဲနဲ့ နာကြရ၊ မသေချင်ဘဲနဲ့ သေကြရတဲ့ သံသရာရန်စွယ် အန္တရာယ်ဟူသမျှ အပေါင်းတို့၏ အစပျောက် ချုပ်ငြိမ်းရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့ လျင်မြန်စွာ မျက်မှောက်ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

❖ ❖ ❖

## အကျဉ်းချုပ်ဆုမေး

ဤသို့ အကျိုးအမြတ် တန်ခိုးဓာတ်ကြောင့် အဖိုးမဖြတ်တဲ့ ရတနာသုံးပါးကို သဒ္ဓါကြွကြွ ရိုသေမှု ဂါရဝဖြင့် ပဏာမနှလုံးထား၍ ကုံးပွားသော စေတနာကြောင့် ယခုကန်တော့ကြသော ဒါယကာ၊ ဒါယိကာမတစ်တွေဟာ ဝဋ်ဒုက္ခ ကြွေးကွာ၍ ပြည်ခေမာသောင်းကြီးသို့ ရှစ်မဂ္ဂင်ဖောင်စီးပြီးအောင် ခရီးရောက်နိုင်ကြပါစေသတည်း။

❖ ❖ ❖

www.burmeseclassic.com

## မဟာဒုက်ဆုတောင်း

ယခုပြုရ ကုသလ မြတ်ဓမ္မတို့ကြောင့် ဥပမာ အတတ်ပြ ရလျှင် ကဿပဘုရားလက်ထက်တော်၌ အထက်ထက်ကျော် ရှေ့အခါသမယက ပေးဒါန ကံမွှတ်ဗလချာတို့၌ ဆန့်ဖွတ်ခါ ထင်းခွဲ၍ စားရသော ဆင်းရဲသား မဟာဒုက် လင်မယားတို့မှာ အထင်အရှား စိတ်အကြံပေါ်သဖြင့် နိဗ္ဗာန်ဆော် ဥပသကာ ထံတွင် ပြုရာရအမှန် ရှေ့ကံနည်းသောကြောင့် စာရေးတံပွဲတွင် ဆွမ်းအများကျွေးချင်လို့ ရဟန်းတစ်ပါးပေးပါဟု အာမခံပြီးလျှင် ဒါနကံ ဇမ္ဗူဒီ ချုပ်သူမို့ ကူလီလုပ်စား ဟင်းအများ မချက်နိုင်၍ ငါးကြင်းသားတစ်ခွက် နတ်သုဒ္ဓါအမှန်ကို မြတ်ဗုဒ္ဓ အရဟံ ဘုရား ဘဂဝါအတွက်ကြောင့် သိကြားလာ၍ ချက်ရသတဲ့။ များစွာအတွက် ဘဝအတိတ် မော်သူမို့ မြသပိတ်တော် မကြာ အလျှင်ရသောအခါ ဒါန၌ ကျမ်းဂန်လာသည့်အတိုင်း လမ်းမှန် မကွာ သဒ္ဓါမယုတ်သည့် မဟာဒုက်မြတ်သမျှ အလှူကို ကဿပတစ်ဆူ မြသပိတ်တော်ရတော့ကမှ ဒါနကိစ္စ သံပြား ထွေထွေ တိုးသည့်အတိုင်း ယနေ့က အစပြု၍ ရတနာ ရွှေမိုးကြီး ရွာတော်မူနိုင်ကြပါစေကုန်သတည်း။

❖ ❖ ❖

## ရှင်သာရိပုတြာဆုတောင်း

ဘဝါဘဝါပြောင်းကာ ကြွကောင်းရာတမျှ သုဂတိသို့ ယခုပြည့်စုံ မကြာရအောင် သပြာနေနေ ပေါ်ပြည့်ပီသည့် ဇောတိက အနှာထပိဏ်တို့လို ရတနာစိန် ငွေပြည့်ဝပြီးလျှင်

www.burmeseclassic.com

ဘေးတွယ်မခံ အသွင်ပမာတူပေသော ရှင်ဗာကူရောဂါ ကင်းဘိ
သကဲ့သို့ ဩဘာသတင်း ခြေအက်ကြွလောက်အောင် ဇတဒဂ်ရ
ရှင်သာရိပုတြာ ဆုအဟုန်ရကြ၍ လူ့ဘုံက လျှံပြည့်စေမှဖြင့်
အန္တိမေ အဆက်မပွားဘဲ မဂ်တရား ဆောစွာကြံ၍မို့ သောတပန်
ဖြစ်တော်မူနိုင်ကြပါစေ ခင်ဗျား။

❖ ❖ ❖

## ဝေဿန္တရာဆုတောင်း

ဤ ယခုပြုရသော စေတနာတို့ကြောင့် ဥပမာ အရာ ထုတ်ကာ နှိုင်းရလျှင် စေတုတ္တရာတိုင်းအတွင်း ပလ္လင်ဘုရင် ဥက္ကာကရာဇ်၏ အလောင်းတော်မြတ် ဝေဿန္တရာသည် ကောင်းလှသည့် စေတနာအမှန် ဘဝင်မနသီရစဉ်က ခင်မဒီ နှမ တရားမမွှည်သူနှင့် သားဇာလိ, ဂဏှာဇိန် သမီးတို့ကို တစ်ခါတစ်ကြိမ်တည်း လျှင်စွာဆောင်၍ ဝင်္ကဘာဘောင်, ဘာဝနာ အရှိန်ကျင့်စဉ်က ရတနာစိန်တစ်ပွင့် မဟေမဒီ ချောသည် ဝနေ... ပထဗျာ, သစ်သီးရှာကြွတော့ကာမ ချစ်သမီး, ဂဏှာအလှ သနားစရာ ညီသူနှင့် သားဇာလီ, မောင်နှမတို့ကို ဆောင်ဘယတထီးပျော်သည့် ခမည်းတော် တစ်ဆုံတစ်ရာ ရသူက ပုဏ္ဏား၊ ဗြဟ္မဏ၊ ဇူဇကာအိုသို့ လှူသဒ္ဒါပို အဓိဋ္ဌာန် မြောက်ပါသဖြင့် တစ်ဆူဘဂဝါလို့ နိဗ္ဗာန်သို့ ရောက်ပါသတဲ့။ စိတ်ကြံသလောက် အကြောင်းအခြေခံတို့ကြောင့် လောင်းဝေသံ ထုံးလာသပြီးလျှင် သုံးဌာန သဘောညီကြ၍ စောဇိန အဆင် ပရမေကို ရှောင်မသွေဖူး ပကာသပြီးလျှင် ဦးမွှပထမ ခမ္မစကြာ နာကြရ၍ မဂ်အမတာ တရားစေသောင်ရန်ကို

ရွှေဘောင်ပုံရှက်ဦးတိုက်၍မို့ ထွက်ကူးလိုက်တော်မူနိုင်ကြ
ပါစေ ခင်ဗျား။

ႏ ႏ ႏ

## နိဗ္ဗာန်ဆုတောင်း

ဝိဇယာဘိ၊ ဝိဇယုတ် ဒွိပဒုတ်ဟု ဝိသုဒိမြတ်ဖျား၊ လူ့ရပ်မှ
ပြဟ္မာဘုံတိုင်အောင် နမုဓာတ်အရ ပကာလျှံ ဆိုင်ကြရသဖြင့်
သဒ္ဒါဟုန်ခိုင်ခိုင် ဓေပဏာပွားကြသော ဓောဘဂဝါဘုရားသည်
တဒင်္ဂဝိက္ခမ်၊ သမုစ္ဆေပဟာန်ဖြင့် သံသရာမြစ် သမုဒ်ဝယ် နာမ်
ခန္ဓာ နစ်မြုပ်စေတတ်သည့် မာန်တဏှာ အညစ်အယုတ်တို့ကို
အမြစ်ပြုတ်အောင် နှိပ်ကွပ်ဖိစီး၍ ရိပ်ဖြတ်တိလိုးရာ၌ သုတ္တန်၊
ဝိနယာ၊ ဘိဓမ္မာဟု သုံးဖြာပိဋကတ် ပရိယတ်တို့ကို သထပတ်ကြာ
ချွန်တက်လျှာမှ သာယာမြွက်ဖော် ဟောကြားတော်မူခဲ့လေ သည်။
ဘိုသို့ ဟောရာပိဋကတ်သုံးဖြာ ဒေသနာတွင် သုတ္တန်
ကျမ်းမြတ်ပိဋကတ်၌ "ဒါန တောဘောဂဝါ၊ ဒါနတော၊
ည်းများမဟူ ပေလှူပူဇော်ရသောကြောင့် ဘောဂဝါ၊ ရတနာ
ရွှေငွေ၊ ခြေရွှေသင်းပင်း၊ ဆင်မြင်းကျွဲနွား၊ သားမယားအိုးအိမ်
ည်းစိမ်ဥစ္စာ၊ မင်္ဂလာသုခ၊ လိုတိုင်းရစေတတ်သည်ဟု ပါဠိ
ါန်မြွက်မမှုစကားကို အချက်ကျကျ နာခံမှတ်သားကြရသည့်
ားလျော်စွာ ယခုအခါ သုပ္ပဋိပန္နတာ အစဖြာလော အင်္ဂါ
ဂိုးတန် တန်ခိုးလျှံသည် မျိုးမှန်စဉ်လာ ထေရ်သံဃာတို့အား
ပွတ်တွားတော်ရောစိတ် ရည်မျှော်၍ ပူဇော်ဒါန မြတ်ပုည
ကြောင့် ဒြပ်ဂုဏ်ကြွကာ အရှိန်မသေးကြဘဲ စိန်သူဌေး အခါခါ
ရွှေသူဌေး မကြာမကြာ ငွေပြင်ငွေကြေး ရတနာမှာ ဟိုရှေ့

www.burmeseclassic.com

အခါကပေါ့ ရှိလာကြတဲ့ ဓာတ်ကို, ဇင့်လတို့လို သဘောရှိ သမျှ လျှာသုံးမကုန်နိုင်ဘဲ ဇမ္ဗူလုံးတုန်ခါ ရတနာတံခွန် ကြွကြတဲ့ ကာဏောဏ္ဍာ မေဏ္ဍာကတို့ကဲ့သို့ အစဉ်ဗလဝ ငွေးကြွယ်ဝကြ သဖြင့် ဘေးအသွယ်သွယ် မခအန္တရာယ် မကြရောက်ကြဘဲ သံသရာ နယ်တစ်လျှောက်တွင် မှန်စွာတကာယ် မဖောက်တန်ခိုး ထောက်ခါကြွားကြ၍ ဖြိုးမောက်စွာ အားရှိသလောက် ခံစား, စံစားကြပြီးမှ ပြည်နိဗ္ဗာန်နန်းက နတ်သို့ လှမ်းတက်တော်မူနိုင် ကြပါစေသတည်း။

❖ ❖ ❖

## ပညာတတ်ယောကျ်ား မြတ်ဆုတောင်း

ဘန္တေ၊ ရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရား။ အဟံ ပါရမီ ဂုဏ်မညီစုံ၍ ဤဘုံဝဋ်တွင်း မလွတ်ကင်းဘဲ အပြင်း အပြ ငြင်းမရအောင် ညှဉ်းလှဇာတိ ဇရာဖိ၍ ဗျာဓိနာဘေး ဘယာတွေးလျက် သေဘေးကြိမ်ဖန် အတန်တန်ဖြင့် အမှန် နှစ်မြုပ် အကျွန်ုပ်သည်။ ဧတေန၊ ဒါနအလှူ စင်ဖြူသီလ ကြည်မြသဒ္ဓါ ဘာဝနာ၏ တေဇာရှိန်ဓာတ်, ဤကုသိုလ်မြတ် ကြောင့်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ပူဇာတ်ငြိမ်းသည့် အောင်ဂိန်း ဌာန အမတကြင်နှန်း အေးမြသောနိဗ္ဗာန်နန်းသို့၊ ပပ္ပေါမိ၊ ဧကန် ထုတ်ချောက် အမြန်ရောက်ရပါလို၏ အရှင်ဘုရား။ ဇာတိယံ၊ နိဗ္ဗာန်ရွှေပြည် မရမီတွင် ကျင်လည်လေရာ ဘဝအဖြာဖြာ၌။ တိဟေတုကော၊ တိဟိတ်ဉာဏ်ဝေ သန္ဓေစွဲငြိ အကဲသိဘော ဇာတိဥက္ကဋ္ဌ ယောကျ်ားကောင်း ပုဂ္ဂိုလ်မြတ်သည်။ (ဗုတွာ၊ သာကီနွယ်မျိုး မညှိုးစင်စစ် ကောင်းစွာဖြစ်၍) ဒိဗ္ဗနဝါ၊ တစ်

www.burmeseclassic.com

www.burmeseclassic.com

ကြိမ်မျှပင် မသင်မကြား အမြင်အားဖြင့်သော် လည်းကောင်း၊ သုတမတွေ့နဝါ၊ သူတစ်ပါးဟောကြား ပြောစကားကို နား ပသာဒ ကြားကာမျှဖြင့်လည်းကောင်း သဗ္ဗဖနေကော၊ အဇ္ဈာရသ သိပ္ပလုံးစုံ သုံးပုံပိဋကတ် အတတ်ပညာ မယှဉ်သာအောင် စုံစွာ အမျိုးမျိုး စကိဒိုးပမာ များစွာလည်းဆို အဆုံးထိ၍ မိမိပိုင်ပိုင် သိစွမ်းနိုင်သည်။ ဘဝေယျ၊ ကောန်မသွေ ဖြစ်ရပါစေသား။ ယောကျာ်းကောင်း ယောကျာ်းမြတ် ဖြစ်ရပါလို၏ အရှင်မြတ် ဘုရား။

❖ ❖ ❖

## အတုမရှိ–အတူမရှိ=မဏိရတနာဆုတောင်း

ဤသို့ပြုရသော သဒ္ဒါကုသလ တရားတို့ကြောင့် တဏှာ သမုဒယ ဆယ့်တစ်မီးတို့ကို မကြာ ယခုဘဝ ဖျက်ခါဆီးပြီးလျှင် ထက်ဖြာခရီး ပြည်နိဗ္ဗာန်သို့ ရည်စိတ်သန် ထောက်တွေး၍ ဆ,ကြသောလဲ ပြည်နိဗ္ဗာန် မရောက်သေးသမျှ နေ့များစွာ အထင်မသေးဘဲ မနုဿရသူဌေး အဆတစ်ရာသားပြီးလျှင် မြရတနာကိုတော့ တိုင်ထူ အမာဖြူကိုတော့ ထုတ်ယောက်တပ် အဟုတ် လျှောက်ပတ်စေဖို့ အောက်ထပ်က ပတ္တမြားခင်း သိကြားမင်းထက် တစ်ကဲသာအောင် ပုလဲရတနာ အဖြူတွင် လုပ်အတွင်း စမုတ်ကနီလာထရံကြည်စွာ လျှံ၍ မညိုးမနွမ်း ရအောင် ဝဇီရာ မှန်တဲ့စိန်ကိုတော့ အမိုးလုပ်ကျောက် အသွား မှာတော့ ဝေလုကားက မောက်ပတ္တမြား၊ ဝတီစိုးပါတဲ့ သိကြား ဗြဟ္မာတို့တောင် လက်ဖျားခါကာ, ညဘာပေရသည့် စောစွာ မနေ့းရံတနာ အိမ်တို့နှင့် အခါခါ အဏ္ဍမဘာ၍၊ ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com

ကာမတို့ကို တိရစ္ဆာန ခဝါချ၍ အာလယ ကြောက်မှန်းပြီး တဏှာဇလဝ အမောက်တုံးသဖြင့် နောက်ဆုံးဖြစ်သောဘဝ၌။ အရဟတ္တ နိဗ္ဗာနသုခံ၊ ရန်တဏှာ သမုပ္ပါဒကို မြန်မကြာ ခုတ်သတ်ပြီး အရှုတ်ဇာတ်တို့၏ ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို၊ သစ္စိကရောမ လက်ရောက် ယခု မျက်မှောက်ပြုရ ပါလိုကုန်၏။ ဣဒံပုညဘာဂံ၊ အလီလီပေါင်းစု၍ ဤကောင်းမှု အဖို့ ဘာဝကို။ မာတာပိတုနဥ၊ မြင့်မိုရ်တောင် ဆယ်ပြန်မက သဖြင့် နှစ်သွယ်အနန္တ ကျေးဇူးရှင်တို့ကို ရှေးဦးတင်ကာ ပမာ အညီ ပြုလိုက်သော မဟာပထဝီအထု နှစ်သန်းနှစ်သိန်းမကဘဲ ဂဏန်းကိန်းချ၍ သုညမလောက်နိုင်သော အစုံနှစ်ဝ, နှစ်ယောက် သော အမိ,အဘတို့အား လည်းကောင်း၊ အာစရိယနဥ၊ ငယ်ငယ် ကလေးက အသွယ်သွယ် ရေးပြပြီး ကျနစွာ သွန်သင်တဲ့ ဆရာ အရှင်တို့အား လည်းကောင်း၊ ဘူပါလဿစ၊ ရေမြေဦးကင် ရာဇပလ္လင် ကြငှန်းအမြတ်တို့နှင့် နန်းရပ်တွင် ဘာသာအစုစု တို့ဖြင့် သာသနာပြုမင်းအား လည်းကောင်း၊ ဒေဝတာနဥ၊ အိမ်စောင့်ရွာစောင့် ဘယာမနှောင်းဖို့ ဝဠာတစ်ထောင် ကောင်း ကင်က ကြည့်ရသည့်ပြင် အပေါင်းမြင်သမျှ အရှိတူ ညီထွန်း၍ ဇမ္ဗူဒီကျွန်း တစ်သောင်းထက်ယာနှင့် အပေါင်းစက္ကဝါ အဟုတ် စိုးတဲ့ နတ်တို့ငှဲပြင် ရုက္ခစိုးမလပ် အကုန်မညှိုးဘဲ ဘုမ္မစိုးနတ်ဟု ဆိုအပ်သော များစွာသော နတ်အပေါင်းတို့အား လည်းကောင်း၊ ဧကေတိ သဘာဝေ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရ, လူ,ရှာ, နတ်ဘုံ, ဗြဟ္မာဘုံနှင့် လုံးစုံမကြွင်း သုံးဆယ့်တစ်ဘုံအတွင်း၌။

www.burmeseclassic.com

www.burmeseclassic.com


သံသရန္တာန် ကျင်လည်ကျက်စား အတွေး ရထားကြီးနဲ့ ပြေးလွှား၍ နေကြကုန်သော သဗ္ဗသတ္တာနှင့်၊ အကုန်လုံး မလပ် ဘုံသုံးဆယ်တစ်၌ မပြတ်ကျင်လည်ကုန်သော သတ္တဝါ အပေါင်းတို့အား လည်းကောင်း ဘာဇေမ၊ ညီစွာအမျှ၊ ဤဒါနကို တကွမသွေ့ ရကြပါစေဟု အမျှမျှ ပေးဝေကြပါ ကုန်၏။ သံသာရဒီဃတ္တာယ၊ ကျင်လည်စုံဆန် အတန်တန်ဖြင့်။ ပမတ္တာပိ၊ ရန်မာန်တဏှာတွေ အတင်းပွားတာကြောင့် ပြန်လှန် ကာ စဉ်းစား၍ အရင်း, အဖျားကို မေ့လျော့ကြပါသော်လည်း အယံဝသုန္ဓရီ၊ နှစ်သိန်းလေးသောင်း အထုပေါင်း၍ စုဆောင်း လာမှီ မကွာညီတဲ့ မဟာပထဝီ ဤမြေကြီးသည်။ သက္ခိဌာနေ၊ မပျက်မသွေစရာ သက်သေအရာ၌။ တိဋ္ဌတု၊ ဒိုးဒလိမ့်ပွက် အိုးထိန်စက်ကဲ့သို့ သွက်သွက်ခါ သံစုံဟီးပြီး တော်လျှင် ပွဲတင်ဟီး၍ အနည်းနည်း မဖောက်ပြန်ဘဲ ထောက်ခံကာ တည်ပါစေသတည်း။

◆ ◆ ◆

## ဆုတောင်း (ဣဒံပုညံစ၊ မျက်မှောက်ယခု...)

ဣဒံပုညံစ၊ မျက်မှောက်ယခု လှူဒါန်းပြုသည့် ဤ ကောင်းမှု ဤကုသိုလ်သည် လည်းကောင်း၊ အညံစ၊ ဤမှ ဘစ်ထောက် နှောက်နှောက်တိတ်ကာ ပြုခဲ့ပါသည့် အဖြာဖြာ သော ကောင်းမှုကုသိုလ်သည် လည်းကောင်း၊ ဝရံ၊ မြင့်မြတ် သော အာသဝက္ခယံ လောဘ, ဒိဋ္ဌိ, မောဟတရား ဤ သုံးပါးတို့ ရှည်လျားသံသရာ ထုံကိန်းလာသဖြင့် ကြာမြင့်စွာ ထုံစိမ်အပ်သော သေ,အရက် စိမ်ရည်တို့နှင့် တူကုန်သည်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com

အာသဝတွင်မည် လေးလီအပြား အာသဝတရားတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို။ ဣစ္ဆိတ ပတ္ထနာရစေ၊ အလိုရှိအပ်, တောင့်တအပ်, ပန်ဆင်အပ်သော ဗောဓိဆုနှင့် သာလျှင်။ သဒ္ဒိံ၊ အတူတကွ။ ခိပ္ပံ၊ လျင်လျင်မြန်မြန်သာလျှင်။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတုဖြစ်ပါစေသား။ ယာဝစ၊ အကြင်မျှလောက်သော ကာလပတ်လုံးလည်း။ အန္တိမံ၊ အရဟတ္တ မဂ် အရဟတ္တဖိုလ်ကို ရသည့်နောက်ဆုံး ဘဝဖြစ်သော။ ဒေဟံ၊ ပစ္ဆိမ ဘဝိက အတ္တဘောသို့။ အပတ္တာ၊ မရောက်ကြရပါကုန်သော။ တာဝစ၊ ထိုမျှလောက် မရောက်သေးသမျှ ကာလပတ်လုံး သာလျှင်။ သံသရေ၊ ခန္ဓာ, အာယတန, ဓာတ်ဓမ္မတို့၏ မပြတ်ရာ သံသရာ၌။ သံသရန္တာ၊ ကျင်လည်ကြပါကုန်လျက်။ ဘဝါ-ဘဝေသု၊ ဘဝကြီး,ငယ် အသွယ်သွယ်တို့၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြ ရကုန်သည်ရှိသော..ဉာဏ ယုဗလ, ဝဏ္ဏိဒ္ဓိ သဒ္ဒါသီလ-သုခ ဈာန ဓန တဂါဒီဃ္ဃဋ္ဌေဟိ၊ အလိုရှိအပ် တောင့်တအပ်သည့် မဟောသဓာ, မဟာဝိဓူရ စသည့်ပေါ်ထင် ပညာရှင်တို့ကဲ့သို့ လျှင်ထင်, နက်နဲ, လွန်ကဲ, ရှင်မူ အယူမိစ္ဆာ ထိုးထွင်းကာသိ နိဗ္ဗမိနှင့် သူ၏စိတ်ထား သိပိုင်းခြားသဖြင့် ဆယ်ပါးဉာဏ်ဂုဏ် ပြည့်စုံရခြင်းတည်းဟူသော။ ဉာဏသမ္ပတ္တိ၊ ဗာကုလမည် တွင်ထေရ် အရှင်ကဲ့သို့ စင်ကြယ်အနာ, ရောဂါ, ဘေးဒဏ် ရန်မှာရံခပ်သိမ်း ကင်းငြိမ်းသက်ရှည် သက်တမ်းမက တည်နေ ရခြင်းတည်း၊ နေရခြင်းတည်းဟူသော အာယုသမ္ပတ္တိ။ အရှင် အာနန္ဒာ, မဟာကဿပ, ဗန္ဓုလမည်လား ဝိသာခါတို့ကဲ့သို့ နာဂပြောင်မွန် ဆောင်လွန်သည့်ခွန်အား စွမ်းပကားဂုဏ်

www.burmeseclassic.com

www.burmeseclassic.com


ပြည့်စုံရခြင်းတည်းဟူသော ဗလသမ္ပတ္တိ။ ယသော်, ပဘာ, ခေမာ, ဥပ္ပလဝဏ် အမွှန်ထိပ်ထား မိန်းမသားတို့နှင့် ထွဋ်ဖျား ခေါင်ထိး ကစ္စည်းမြတ်စွာ ထေရ်မဟာတို့ကဲ့သို့ လက္ခဏာ ကြီးငယ်, စုံပြည့်ကြွယ်လျှက် တင့်တယ်ရောင်းဆင်း လှပခြင်း ဂုဏ်ပြည့်စုံရခြင်းတည်းဟူသော ဝဏ္ဏသမ္ပတ္တိ။ မန္ဓာ စကြာ ဓမ္မာသောက သက္က, သုယာမာ ဗြဟ္မာ သဟမ္ပတိ စရှိမကြွင်း လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ကဲ့သို့ ထန်ပြင်းအာဏာ တေဇာတန်ခိုး ခြေမိုးနှုတ် ဣဒ္ဓိဖုံဖုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံရခြင်း တည်းဟူသော ဣဒ္ဓိသမ္ပတ္တိ။ သုတသောမလောကထွဋ်ချာ လောင်းလျာကဲ့သို့ ရတနာသုံးတန် ကံ, ကံ၏ အကျိုးသုံးမျိုး ဘဝ, ရှစ်ဝပိုင်းခြား, သန္တေယျဝတ္ထုများ၌ ကိုးစားကြည်ယုံ သဒ္ဓါဂုဏ်နှင့် ပြည့်စုံရခြင်းတည်းဟူသော သဒ္ဓါသမ္ပတ္တိ။ ဘူရိဒတ္တ စသည်သူတော် ဇမ္ဗူကျော်တို့ကဲ့သို့ ဖြူလျော်သီလ ညီမျှကုံလုံ ပြည့်စုံရခြင်းတည်းဟူသော သီလသမ္ပတ္တိ။ အနုရုဒ္ဓါမည်တွင် ထေရ်အရှင်ကဲ့သို့ ကြည်လင်ကိုယ်စိတ် ယိုဖိတ်လိုမှု တောင့်တ လိုအင် ကိုယ်စိတ်ယိုဖိတ်လုမှု တောင့်တလိုအင် ငြိုငြင်မသိ မရှိစကား မကြားစဖူး အထူးကုံလုံ ပြည့်စုံရခြင်းတည်းဟူသော ကာယ, စိတ္တသုခ သမ္ပတ္တိ၊ မောဂ္ဂလာန်မည်ထေရ် အရှင်ကဲ့သို့ အသိဉာဏ် ဈာန်ဉာဏ် သမာပတ် ရအပ်ကုံလုံ ပြည့်စုံရခြင်း တည်းဟူသော ဈာနသမ္ပတ္တိ။ ဇောတိလ, ဇဋိလ, မေဏ္ဍကနှင့် ပုဏ္ဏမည်သီး သူဌေးကြီးကဲ့သို့ ပစ္စည်း, ဥစ္စာ, ရတနာမျိုး မောက်ဖြိုးကုံလုံ ပြည့်စုံကြွယ်ဝရခြင်းတည်းဟူသော ဓနသမ္ပတ္တိ ဝေဿန္တိဝိသယံ စသည် တဝေးမင်း, သူဌေးတို့ကဲ့သို့ လေးရပ်

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာ လာလာသမျှ ယာစက အလှူခံ အတန်တန်တို့အား ထက်သန်စေတနာ သဒ္ဓါဗလဝ အစသဖြင့် မဆွေရကောင်း သန့်ရှင်း ဖြူစင် ပေးလှူစွန့်ကြဲ ဝေခွဲမှုတ ပေးကမ်းနိုင်ရခြင်းတည်း ဟူသော စာဂသမ္ပတ္တိ။ ဤသို့ ပိုင်းဖြတ်အာဒိချပ်လျက် သမ္ပတ္တိဂုဏ် အဖုံဖုံဟု ဆိုအပ်သော။ ပါကေဟိ၊ ကောင်းကျိုး တရားထူးတို့နှင့် ပသမ္ပန္နာ၊ လုံး၀ဥဿုံ ပြည့်စုံကြရကုန်သည်၊ ဟောမ၊ ဖြစ်ကြရပါလိုကုန်၏ အရှင်မြတ်ဘုရား။

❖ ❖ ❖

## အမျှဝေ (ကျွန်တော် ကျွန်မတို့သည် ဤကောင်းမှု...)

ကျွန်တော်၊ ကျွန်မတို့သည် ဤကောင်းမှု ကုသိုလ်အဖို့ ဘာဂကို သဗ္ဗပါဏီနံ၊ အမိ, အဘ, ဆရာသမား, ဆွေမျိုး, မိတ်ဆွေ, ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ဝိုင်စောင့်နတ်, အရာမ်ခြံစောင့်နတ်, ရပ်ကွက်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, တောစောင့်နတ်, တောင်စောင့်နတ်, လောကစောင့်နတ်, သာသနာစောင့်နတ်, မိုးကိုအလိုရှိတိုင်း ရွာသွန်းစေနိုင်သော ဝဿဝဥ္စာဟာကနတ်, သာသနာစောင့်နတ်, မိုးကို အလိုရှိတိုင်း ရွာသွန်းစေနိုင်သော ဝဿဝဥ္စာဟာကနတ်, ပဇ္ဇုန္နနတ်မင်း, ယမမင်း, သမ္မတစသော ပြည့်ရှင်မင်းများ သိကြားမင်း ယခု စည်းဝေးရောက်လာဆဲဖြစ်သော သူတော်ကောင်းတို့မှ အစပြု၍ စကြဝဠာ အနန္တသုံးဆယ့်တစ်ဘုံတိုင်း၌ ကျင်လည်ကြကုန်သော လုံးစုံများစွာ သတ္တဝါအပေါင်းတို့အား၊ ဘာဇေမိ၊ အမျှ···အမျှ···အမျှ ပေးဝေပါကုန်၏။ သာဓဝေါ၊ သူတော်ကောင်းများ ဖြစ်ကြကုန်သော တေပါကာယော၊ ထိုသတ္တဝါ

www.burmeseclassic.com


အပေါင်းတို့သည်။ မောဒန္တု မရွှေရပျော်က် ပီတိဖျော်က်လျှက် ဝမ်းမြောက်နေမော် သာဓုခေါ်နိုင်ကြပါစေ ကုန်သတည်း။ (မောဒိတွာ၊ ဝမ်းမြောက်နိုင်ကြ ကုန်သည်ဖြစ်၍။) တိဝိဓံ၊ သုံးမျိုး, သုံးစား, သုံးပါးပြားသော။ သုခပ္ပတ္တာ၊ လူ, နတ်, နိဗ္ဗာန်, သုံးတန်ချမ်းသာ ရောက်ကာပိုင်ရ ခံစားနိုင်ကြကုန်သည်။ (ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။) အားလုံးကြားကြားသမျှ အမျှ...အမျှ...အမျှ ယူတော်မူကြပါဂုဏ်လော့။

သာဓု... သာဓု...သာဓု။

❖ ❖ ❖

## ဆုတောင်း (မေ၊ တပည့်တော်၏...)

မေ၊ တပည့်တော်၏ (အမှာကံ၊ တပည့်တော်တို့၏)။ ဣဒံပုညံ၊ (ရတနာသုံးပါးအား ရှိခိုးကြောင်းဖြစ်သော။ ရတနတ္တယ၊ ပဏာမကုသိုလ်စေတနာ၊ သရဏဂုဏ်သုံးပါး ရှေ့သွားရှိသော ငါးပါးသော ဂရုဓမ္မနိစ္စသီလကို ကုသိုလ် စေတနာ သံဃာတော်အပေါင်းအား ဆွမ်းခဲဖွယ်ဘောဇဉ် ချီးချဉ်အရသာတို့ဖြင့် လုပ်ကျွေးဆက်ကပ်ကြောင်းဖြစ်သော။ ခါဒနီယ၊ ဘောဇနီယ၊ ဒါနကုသိုလ် စေတနာ, မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မဝိဟာရ တရားတို့ကို ပွားများကြောင်းဖြစ်သော သမထ ဘာဝနာ ကုသိုလ် စေတနာ သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုရှုဆင်ခြင်ပွားများကြောင်းဖြစ်သော ဝိပဿနာ ဘာဝနာ ကုသိုလ် စေတနာ)ဟူသော ဤကောင်းမှုအပေါင်းသည်။ နိဗ္ဗာနာဝဟ သုခါဝဟနသော၊ နိဗ္ဗာန်တည်းဟူသော အမြိုက်သုခသောသုတ်ကို။

www.burmeseclassic.com


မဂ္ဂ, ဖလ, ပစ္စဝေက္ခဏာဉာဏမုခေန၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တည်းဟူသော ခံတွင်းဖြင့်။ ပရိဘောဂတ္ထာယ၊ သုံးဆောင်ခံစားပါရခြင်းအကျိုးငှာ။ ပစ္စယော, ပကတူပနိဿယ၊ သမ္ပပက အကြောင်းထူးသည်။ ဟောတု၊ ဖြစ်ပါစေသား။ ယာဝစ၊ အကြင်မျှလောက်သော ကာလပတ်လုံးလည်း။ နိဗ္ဗာနာမတသုခဘောဇနံ၊ နိဗ္ဗာန်တည်းဟူသော အမြိုက်သုခာသုတ်ကို။ မဂ္ဂ, ဖလ, ပစ္စဝေက္ခဏာဉာဏ် တည်းဟူသော ခံတွင်းဖြင့်။ နပရိဘုဉ္ဇာမိ၊ မသုံးဆောင် မခံစားရပါကုန်သေး။ တာဝစ၊ ထိုမျှလောက်သော ကာလပတ်လုံးသာလျှင်။ သံသာရေ၊ ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာ၌။ သံသရန္တာ၊ ကျင်လည်ကြရကုန်သည်ရှိသော်။ ဣတော၊ မျက်မြင်ဒိဋ္ဌ ယခုဘဝမှ။ ပဋ္ဌာယ၊ အစပြု၍။ ယာဝပစ္ဆိမဘဝါ၊ နောက်ဆုံး အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရရာဘဝတိုင်အောင်။ ဘဂါဘဝေ၊ ဘဝကြီးငယ် အသွယ်သွယ်၌။ အနိဋ္ဌေဟိ၊ အလိုမရှိအပ်ကုန်သော။ အပါယာဒိ ဒုက္ခ-ဝိပါကေဟိ၊ အပါယ်အစ ရှိသော ဆင်းရဲသော အကျိုးတို့မှ။ ဝိမုစ္စိတွာ၊ ကင်းလွတ်ကြကုန်သည်ဖြစ်၍။ ဣဋ္ဌေဟိ၊ အလိုရှိအပ်ကုန်သော မနုဿဒေဝ၊ သမ္ပတ္တိသုခေဟိ လူ့ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာ အမျိုးမျိုး, နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်ကြသည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဝိသေသေန၊ အထူးအားဖြင့်။ အာယု, ဝဏ္ဏ, သုခ, ဗလ သင်္ခါတေဟိ၊ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာများခြင်း, ခွန်အားကြီးခြင်းဟု ဆိုအပ်ကုန်သော။ ဘောဇနဒါနဖလေဟိ၊ ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com


ဘောဇဉ် ဒါန၏အကျိုးတရားတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍၊ ယံကိဉ္စိတံ၊ အလိုရှိအပ်သည့်အတိုင်း။ ယထာဓိပ္ပါယသယံ၊ အလို နှလုံးသွင်းရှိသည့်အတိုင်း။ ဒါနာဒိ ဒသပါရမီယော၊ ဒါနပါရမီ အစရှိသော ဆယ်ပါးသောပါရမီတို့ကို။ သုံခေန၊ ချမ်းသာလွယ်ကူသောအားဖြင့် ချမ်းသာလွယ်ကူစွာ။ ပူရေတုံ၊ ဖြစ်ကျင့်အားထုတ်ခြင်းငှာ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သည်။ ဘဝါမ၊ ဖြစ်ကြရပါလိုကုန်၏။

❖ ❖ ❖

## အမျှဝေ (ဏ္ဍာမံ–ပုညပတ္တိံ၊ ဤကောင်းမှု…)

ဏ္ဍာမံ–ပုညပတ္တိံ ၊ ဤကောင်းမှု, ဤကုသိုလ်၏အဖို့ကို။ မာတာပိတုန္နံစ၊ မိခင်, ဖခင်တို့အား လည်းကောင်း။ အာစရိယာနံစ၊ ဆရာရှင်တို့အား လည်းကောင်း။ ဉာတိမိတ္တာနံစ၊ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ဝိုင်းစောင့်နတ်, အာရုံစောင့်နတ်, ခြံစောင့်နတ်, ရပ်ကွက်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, နယ်စောင့်နတ်, တောစောင့်နတ်, တောင်စောင့်နတ်, လောကစောင့်နတ်, သာသနာစောင့်နတ်တို့မှစ၍ စောင့်ရှောက်ကြသော နတ်မြတ်, နတ်ကောင်း, နတ်အပေါင်းတို့အား လည်းကောင်း။ ယမရာဇဿစ၊ ငရဲသေဌ်နင်း ယမမင်းအား လည်းကောင်း။ ဘူပါလဿစ၊ ရေမြေသေဌ်နင်းပြည့်ရှင်မင်းအား လည်းကောင်း။ ဒေဝရာဇဿစ၊ နတ်တို့သေဌ်နင်း သိကြားမင်းအား လည်းကောင်း။ အဝံသေသ သတ္တာနံစ၊ ဆိုအပ်ပြီး

www.burmeseclassic.com


သည်မှ ကြွင်းကျန်ကုန်သော အနန္တစကြဝဠာ သုံးဆယ့်တစ်ဘုံတိုင်း၌ ကျင်လည်ကြကုန်သော အလုံးစုံသော သတ္တဝါအပေါင်းတို့အား လည်းကောင်း။ ပတ္တိဒါနကုသလံ၊ ပတ္တိဒါနကုသိုလ်ကို။ ဝဆေန္တာ၊ ပွားကြပါကုန်လျက်။ ဣမံမဟာပထဝီ ၊ ရေစက်သွန်းချရာဖြစ်သော ယူနှာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးကို။ သက္ခိဌာနေ၊ အသိသက်သေအရာ၌။ ဌပေတွာ၊ ထားကြပါကုန်၍။ ဘာဇေမ၊ အမျှ-အမျှ-ပေးဝေငှပါကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမှာ့ကံ၊ တပည့်တော်တို့၏။ ပုညပတ္တိ ၊ ကောင်းမှုအဖို့ကို။ သာဓု-သာဓု-တိ၊ သာဓု-သာဓု-ဟူ၍။ အနုမောဒန္တု၊ ဝမ်းမြောက်နုမော် သာဓု ခေါ်ကြကုန်သည်ဖြစ်၍။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ သုခီ၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာခြင်းရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အယံ မဟာပထဝီ၊ ရေစက်သွန်းချအမျှဝေရာ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးသည်။ အနာဂတေ၊ နောင်အခါ၌။ အမှေသု၊ တပည့်တော်တို့သည်။ ပမတ္တေသုပိ၊ ဘဝများစွာ ကာလကြာ၍ မေ့လျော့ကာ နေကြပါကုန်သော်လည်း။ အမှာကံ၊ တပည့်တော်တို့၏။ သက္ခိဌာနေ၊ သက်သေအရာ၌။ ဌတွာ၊ တည်လာသည်ဖြစ်၍။ သံကမ္ပတု၊ အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် တုန်လှုပ်လျက် သက်သေခံလာပါစေသော်၀်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com 

## ဆုတောင်းအမျှဝေ (ဤသို့ပြုရ၊ ကုသလကြောင့်...)

ဤသို့ပြုရ၊ ကုသလကြောင့်၊ ဒုက္ခခပ်သိမ်း၊ ပူဇာတ်ငြိမ်း၍၊ ပျော်ကိန်းစံရာ၊ မြိုက်ချမ်းသာသို့၊ လျင်စွာထုတ်ချောက်၊ ကွန်းမထောက်ဘဲ၊ ဆိုက်ရောက်ရလို၊ တောင်းဆုဆို၏။ ထိုထိုမြင့်ရှည်၊ ဖြစ်လေသည်၌၊ ဓာနည်ဥက္ကာ၌၊ ယောက်ျားမြတ်တည်း။ အတတ်ပညာ၊ တတ်ကောင်းရာကို၊ ကြားကာမြင်မှူ၊ တတ်စွမ်းရာလို၊ တောင့်တပိုတည့်။

ကုသိုလ်ထုံမှီ၊ ပါရမီလည်း၊ ရှင်ကြည်အေးမြ၊ ဖြည့်ကျင့်ရလို၊ မကောင်းဆိုက၊ အနိဋ္ဌတို့၊ ဝေးမှရှောင်သွေ၊ ဖဲကြည်စေတည်း၊ ကောင်းလေသမျှ၊ တွေ့ကြုံရ၍၊ အတ္တပရာ၊ လွယ်ကူစွာဖြင့်၊ ချမ်းသာလေအောင်၊ ကြိုးပမ်းဆောင်သည့်၊ ဉာဏ်ရောင်အလင်း၊ ဆုတောင်းခြင်းကို၊ ဖောက်ထွင်းသိမြင်၊ သမ္ဗုဇဉ်လည်း၊ အစဉ်မကွာ၊ နတ်ဗြဟ္မာနှင့်၊ ဗိုလ်ပါလူများ၊ မေတ္တာအားဖြင့်၊ လေးစားကြည်ညို၊ ကိုယ့်အလိုသို့၊ မငြိုလိုက်စေ၊ သူ့ကိုပေလည်း၊ မသွေလွယ်စွ၊ ဖြည့်ပေးရလို၊ ဘောဂရိပ်ငြိမ်၊ ရွှေနန်းအိမ်နှင့်၊ စည်းစိမ်ကြွယ်ဝ၊ ကိုမပေးက၊ တစ်ရွေးလောက်ပင်၊ ချည်တစ်မျှင်မျှ၊ ယူငင်ခိုးဝှက်၊ မလုယက်စေ၊ သဒ္ဓါစွေ၍၊ ဖြန့်ဝေရှင်လန်း၊ ပေးလှူဒါန်းလည်း၊ မခန်းကုံလုံ၊ နယ်လုံးတုံ၍၊ ဆန်စုံလူနတ်၊ ပါယ်မကပ်ဘဲ၊ ထက်ရပ်တူချည်း၊ စ၍ငြီးသော်၊ ကုံကော်ပင်မြေ၊ ပလ္လင်ဗွေ၌၊ လေးထွေသစ္စာ၊ ခိုင်ရွှေကြာကို၊ ဦးစွာဆွတ်ခူး၊ သောင်းထိုက်မှူး၏၊ ဖြန့်ဖြူးဝေငှ၊ မြတ်ဓမ္မကို၊ ပဓာနစ်သား၊ နာယူကာဖြင့်၊ လျော်စွာမြင်သိ၊ ခေါ်ဇေယျနှင့်၊ ဥဠုမ္ဗတဉ်၊ အမည်တွင်သည့်၊ ထေရ်ရှင်မပော၊ ဖြစ်ရစေသား၊ ခြောက်ထွေဘိညာ၊

www.burmeseclassic.com

www.burmeseclassic.com


ချာန်ရှစ်ဖြာနှင့်၊ လေးဖြာပဋိသမ်၊ ဘွဲ့ထူးခံ၍၊ နာခံထင်ရှား၊ သတ္တဝါများကို၊ မခြားကိုယ်တူ၊ ဘေးမဲ့ငူသို့၊ ဆောင်ယူရလို၊ မငြင်ငြိုတည်း။ ကုသိုလ်ပုညာ၊ ဖို့ဘာဂကို၊ အနန္တဂိုဏ်းဝင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ယမရွာတည်း၊ လူ့ရွာတ်နတ်ရပ်၊ ကြွင်းမလပ်စေ၊ ပေးငှဝေ၏၊ သက်သေခံပြု၊ မြေအထုသည်၊ သာဓု-သာဓု-ကောင်းချီးပေးစေသော်ဝ်။

❖ ❖ ❖

## ဆုတောင်း (ဤသို့ပြုရ မြတ်ပုညကြောင့် ဘုရားပစ္စေကာ...)

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ဘုရားပစ္စေကာ ဗုဒ္ဓါ၊ ရဟန္တာတို့၊ စံရာမွေ့လျော်၊ ကိန်းအောင်းပျော်သည်၊ ပြည်တော်ဌာန၊ အမတသို့၊ ခဏလျှင်ဆော၊ ရောက်စေသော်ဝ်။

နိဗ္ဗာန်သာခေါင်၊ မြို့ရွာသောင်သို့၊ လှေဖောင်မဂ္ဂင်၊ သဘော်ယာဉ်နှင့်၊ မဝင်သမျှ၊ ဤနေ့ကလျှင်၊ စ၍ချမ်းသာ၊ ရောဂါဘေးဒဏ်၊ ရန်မာရ်ကင်းပျောက်၊ မရောက်သည်သာ၊ ရှင်းရှင်းကွာ၍၊ တစ်ရာသက်ရှည်၊ စည်းစိမ်တည်၍၊ ပေးသည့်အလှူ၊ ဖြူသည့်နှလုံး၊ သုံးသည့်သီလ၊ ချသည့်ရေစက်၊ နေ့တိုင်းတက်လျက်၊ အသက်ခန္ဓာ၊ စုတေ့ပါလည်း၊ ရတနာသုံးပါး၊ ဦးထိပ်ထား၍၊ မမှားမဖောက်၊ ရွံ့ကြောက်မထိတ်၊ စုတေစိတ်ဖြင့်၊ အိပ်သောယောကျ်ား၊ နိုးသောလားသို့၊ ဖြစ်ငြားပါချင်၏။

နောင်တွင် သံသရာ၊ ဘဝမှာလည်း၊ လေးဖြာအပါယ်၊ သုံးသွယ်သောကပ်၊ ရှစ်ရပ်ဌာန၊ ကင်းလွတ်ရ၍၊ ခတ္တိယနှင့်၊ ဗြာဟ္မဏစင်စစ်၊ မျိုးနွယ်ဖြစ်၍၊ နွယ်မြစ်သန့်စွာ၊ အမျိုးမှာလည်း၊

www.burmeseclassic.com


ကောင်းစွာသန္ဓေ၊ ထိုပဋိသန္ဓေ၊ ထိုဟိတ်နေ၍၊ ထူးပေသဒ္ဓါ၊ ပညာကြီးခြင်း၊ သတင်းနှံ့ကျော်၊ မပေါ်သမာ၊ ဘုရားလျာသို့၊ ဖြစ်ပါစေချင်။

ကိုယ်တွင်ရောဂါ၊ သန့်ရှင်းကွာ၍၊ အနာမဲ့သူ၊ ရှင်ဗာကူနည်း၊ မမည်းမဖြူ၊ မဆူ့မကြုံ၊ လုံးစုံနိမ့်မြင့်၊ ပြစ်မျိုးလွင့်၍၊ တင့်တယ်ရောင်ဝါ၊ အဆင်းမှာလည်း၊ ငါးဖြာကျော်သီး၊ ရှင်ကစ္စည်းလား၊ ပေါ်များဥစ္စာ၊ စည်းစိမ်မှာလည်း၊ ငါးဖြာရန်သူ၊ လုယူမရ၊ ဇောတိကသို့၊ နှစ်လို့ချင်ဖွယ်၊ စင်ကြယ်သန့်ရှင်း၊ ဖြည်းညင်းသာယာ၊ အသံမှာလည်း၊ ရောင်ဝါထွန်းဖိတ်၊ ကရဝိက်ငှက်တူ၊ ဗိုလ်လူတို့နား၊ ကြားကနာဖွယ်၊ မရွယ်မဖောက်၊ ပြိုင်ထောက်မဲ့ပါ၊ ဝိသာခါဟန်၊ လျှင်မြန်ပညာ၊ ဧဝနာတိက္ခ၊ ဂမ္ဘီရနှင့်၊ ဟာသတစ်ဖုံ၊ ဉာဏ်မျိုးစုံ၍၊ အာဂုံတုလွတ်၊ ပိဋကတ်ဗေဒင်၊ ဂမ္ဘီရနှင့်၊ ဟာသတစ်ဖုံ၊ ဉာဏ်မျိုးစုံ၍၊ အာဂုံတုလွတ်၊ ပိဋကတ်ဗေဒင်၊ ခပ်သိမ်းအင်ကို၊ မြင်ကာကြားကာ၊ လျှင်စွာရှုရှု၊ ဠာရသပေါင်း၊ အလောင်းတကာ၊ တတ်ရာသမျှ၊ ကိစ္စပြီးတိုင်။

ကြီးခိုင်ခွန်အား၊ ခြသေ့်လားသို့၊ ရဲအားသတ္တိ၊ စွန်းငြိမထင်၊ သိမြင်လိမ္မာ၊ မေးဖွယ်ရာလည်း၊ ပညာကြွယ်ဝ၊ မိလိန္ဒမင်း၊ ဖြေခြင်းတွင်လည်း၊ ရှင်နာဂသိန်၊ မတိမမြုပ်၊ အကျွန်ုပ်သည်၊ မယုတ်မမာ၊ ရှိသေစွာဖြင့်၊ သဒ္ဓါကြည်ညို၊ တောင်းဆိုသမျှ၊ ဆုကိုရ၍၊ မုချချမ်းသာ၊ နိဗ္ဗူတာသို့၊ မှန်စွာထုတ်ဆောင်၊ ဇောန်ရောက်၍၊ မျက်မှောက်ပြုရပါသော၊ ဩကာသ—ဩကာသ—ဩကာသ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ရေစက်ချ အမျှဝေ (ဤသို့ပြုရ မြတ်ပုညကို...)

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရကြပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေ့ဘတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကာစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တာဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံဘိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်ဝ်။ ဝသုန္ဒရ၊ ဤမြေပြသု၊ သီလာထုလည်း၊ သက်သေအမှု၊ တည်စေသော်ဝ်။ အားလုံး ကြားကြားသမျှ အမျှ-အမျှ-ယူတော်မူကြပါကုန်လော့။ သာဓု-သာဓု-သာဓု။

❖ ❖ ❖

## နတ်ပို့

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
သောကပ္ပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခ ရောက်နေကြကုန်သော သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူ

www.burmeseclassic.com


ပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲဒုက္ခ ကင်းဝေးကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင်တွေ့နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာစ၊ ကြောက်လန့်ကင်းကွာ ဘေးဘယာ မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ကြောင့်ကြ ဗျာပါဒသို့ ရောက်၍ နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကြကုန်သော ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။ နိသောကာ စ၊ ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ၊**
**သဗ္ဗေဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။**

ဧတ္တာဝတာ၊ သဒ္ဒါစေတနာ ဝေဖြာသန့်ရှင်း ညစ်ကြေးကင်း၍ ထိန်လင်းကျက်သရေ ယုန်စက်ငွေသို့ လက်ဝေစေကြောင်းဖြစ်သော ဤသုတ်ပါဠိတော် ပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့်။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ အလုံးစုံ ကုန်သော စည်းစိမ်ချမ်းသာ မင်္ဂလာကျက်သရေတို့နှင့် ပြည့်စုံစေခြင်းငှာ။ သမ္ဘတံ၊ ကောင်းစွာမပြတ် ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ဖြူစင်သန့်ရှင်း ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊

www.burmeseclassic.com

ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော။ ဒေဝါ၊ စကြဝဠာအဖြာဖြာမှ ကြွလာသောင်းသောင်း နတ်ပြဟ္မာအပေါင်းတို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်နမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

**ဒါနံ ဒဒန္တု သဒ္ဓါယ သီလံ ရက္ခန္တု သဗ္ဗဒါ။**

**ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။**

ဒါနံ၊ ပေးကမ်းစွန့်ကြဲနည်းများမဟူ အလှူဒါနကို။ သဒ္ဓါယ၊ ကံ, ကံ၏အကျိုးကို ယုံကြည်လျက်။ ဒဒန္တု၊ ဘဝဘောဂ တောင့်တမရှိ ပကတိဖြူစင် ပေးလှူနိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဥ့်ပါ ဘယ်ခါမဆို။ သီလံ၊ စာရိတ္တ ဝါရိတ္တ မြတ်သီလကို။ ရက္ခန္တု၊ မကျိုးမပေါက် စောင့်ရှောက်ထိန်းသိမ်း နိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထဝိပဿနာ ဘာဝနာ၌ ကောင်းစွာကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်နိုင်ကြကုန် သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ စကြဝဠာ ကမ္ဘာလောကဓာတ်အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ရောက်လာကြ ကုန်သော။ ဒေဝတာ၊ နတ်, ပြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု၊ သာဓုအနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသံညည်း ပြုပြီးလေဘိ မိမိတို့နေရာ ပျော်ဖွယ်ရာ ရပ်ခန်းဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူကြပါစေကုန်သတည်း။

❖ ❖ ❖

## နေ့စဉ်ကျင့်ရန် အစီအစဉ်

(၁) နေထွက်နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ်ရှိခိုးမယ်။

(၂) အနန္တငါး၊ ဂုဏ်တော်များ၊ ညွတ်တွားကန်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com 

(၃) မျက်နှာသစ်လျှင်၊ရေကိုမြင်၊ မြင်စဉ်မေတ္တာပွား ပါ့မယ်။

(၄) သစ်ရင်းသစ်ရှင်း၊ လျှော့ယိုယွင်း၊ ရုပ်ဆင်းသတိထား ပါ့မယ်။

(၅) တန်းတူတွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ် တယ်။

(၆) ပြိုင်မယ့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့ မယ်။

(၇) ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နှိုင်တတ်တယ်။

(၈) နှိုင်မယ့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်း ပါ့မယ်။

(၉) ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင်ရှာသော ယှိုင် တတ်တယ်။

(၁၀) ရုပ်ကိုလည်း ပြင်၊ စိတ်လဲ ပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

❖ ❖ ❖

## သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်ခြင်း

## (သာဓုခေါ်ခြင်း)

ဗုဒ္ဓဘာသာဝင်တို့သည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် တရားများကို ပြုလုပ်ပြီးသောအခါတိုင်း၌ မိမိတို့ ကုသိုလ်၏ အဖို့ဘာဂကို အမျှအတန်းပေးဝေလေ့ ရှိကြသည်။ အမျှပေးဝေ ခြင်းကို 'ပတ္တိဒါနကုသိုလ်'ဟု ခေါ်ဆိုကြပြီး အလှူရှင်တို့

www.burmeseclassic.com

ပေးဝေသော ကုသိုလ်အမျှကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခြင်းအား 'ပတ္တာနုမောဒနကုသိုလ်'ဟု ခေါ်ဆိုကြသည်။ 'တိရောကုဋ္ဋသုတ်တော်'တွင် ကွယ်လွန်သွားသောသူတို့သည် သာဓုခေါ်နိုင်သော ပြိတ္တာမျိုးတို့၌ ဖြစ်နေကြလျှင် ထိုသူတို့ အတွက် ရည်စူး၍ ကုသိုလ်ပြုလုပ်ကာ အမျှပေးဝေရသည်။ ထိုအခါ ပြိတ္တာတို့က သာဓုခေါ်ကြလျှင် ပြိတ္တာဘဝဆင်းရဲမှ လွတ်မြောက်ကာ နတ်၌ဖြစ်သော ဝတ်စားတန်ဆာ၊ ဥယျာဉ်၊ ဗိမာန်၊ အသုံးအဆောင်တို့ကို စားသုံးရသည်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ 'ပေတဝတ္ထု'တွင်လည်း သာဓုခေါ်ရုံမျှနှင့် ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်နိုင်ကြောင်း ဖော်ပြ ပါရှိသည်။ တရားဟောသော ပုဂ္ဂိုလ်သည် အသချေ အပါယ မလားနိုင်၊ တရားနာသော ပုဂ္ဂိုလ်သည် ကိုးကမ္ဘာ အပါယ် မလားနိုင်၊ တရားဟောရန် တောင်းပန်သော ပုဂ္ဂိုလ်သည် ရှစ်ကမ္ဘာအပါယ်မလားနိုင်၊ သာဓုခေါ်ရသော ပုဂ္ဂိုလ်သည် တစ်ကမ္ဘာအပါယ်မလားနိုင်ဟု ကျမ်းဂန်စာပေတို့တွင် ဖော်ပြ ထားသဖြင့် သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်ခြင်း သာဓုခေါ် ခြင်းသည် လွန်စွာ အကျိုးများသော အလုပ်တစ်ခုဖြစ်ပါသည်။ လွယ်လင့်တကူ မှတ်မိစေရန်အတွက်-

"နာ ကိုး၊ တောင်း ရှစ်၊ သာဓု တစ်၊ ဟောလစ် အသချေ" ဟု ဆောင်ပုဒ် ပြုလုပ်ထားခဲ့လေသည်။

သို့ဖြစ်၍ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုပြုပြီးသောအခါ ၌လည်း သူတစ်ပါးတို့အား မိမိကုသိုလ်၏ အဖို့ဘာဂကို အမျှ ဝေရမည်။ အထူးသဖြင့် မိမိအတွက် ကျေးဇူးကြီးမားခဲ့သည့် မိဘဆွေမျိုး ဉာတကာမိတ်သင်္ဂဟနှင့် ကြွလာပရိသတ်အစုပ်ရုပ် တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် စသော

www.burmeseclassic.com

www.burmeseclassic.com


နတ်များစွာတို့အားလည်းကောင်း၊ အထူးသဖြင့် ငရဲသနင်း ယမမင်း၊ နိုင်ငံသနင်း ပြည့်ရှင်မင်း စသူတို့အားလည်းကောင်း အမျှပေးဝေရမည်။

ထို့အတူပင် သူတော်ကောင်းတို့ ပေးဝေသော ကုသိုလ်အမျှကိုလည်း မိမိက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရသည်။ သာဓုခေါ်ဆိုခြင်းဖြင့် ပတ္တာနုမောဒန ကုသိုလ်ပွားကာ အကျိုးများစွာရရှိနိုင်သည်။ ကုသိုလ်ပြုပြီးတိုင်း အမျှဝေခြင်း၊ သာဓုခေါ်ခြင်းကို အလေးအနက် ပြုလုပ်အားထုတ်ရပေသည်။

❖ ❖ ❖

## မင်္ဂလာတရား (၃၈)ပါး သံပေါက်

၁။ ကောလာဟလ ကြံကုန်ကြ၊ ဒေဝ, မနုဿ၊
၂။ သက္ကသိကြား၊ တောင်းပန်ငြား၊ ဟောထား ဒေသနာ၊
၃။ အသေဝနာစ၊ ဗာလာနံ၊ ရှောင်ကြဝေးဝေးခွာ၊
၄။ ပဏ္ဍိတာနဥ္စ၊ သေဝနာ၊ ပေါင်းကြ မှီဝဲရာ၊
၅။ ပူဇနိယ၊ ပူဇာစ၊ ပြုအပ်ကြသည်သာ၊
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ၊
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးက ပြုသော်သာ၊
၈။ ကိုယ်က စောင့်မ၊ ဆောက်တည်က၊ လားကြ နိဗ္ဗူတာ၊
၉။ အကြားအမြင် များမြောက်ပင်၊ ကြည်လင်အားထုတ်ပါ၊
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကာမိမှတ်ကုန်ရာ၊
၁၁။ ဝိနယောစ၊ သိက္ခိတ၊ သင်ကြ မျိုးလေးဖြာ၊
၁၂။ သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စွာ၊
၁၃။ မာတာပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးပါ၊
၁၄။ မယား,သားအား၊ သင်္ဂြိုဟ်ငြား၊ တစ်ပါးမင်္ဂလာ၊

www.burmeseclassic.com

www.burmeseclassic.com

၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စ၊
၁၆။ အလှူဒါန်၊ ပေးဝေငှ၊ ထက်လှူစေတနာ၊
၁၈။ ဉာတကာနုဂ္ဂ၊ သင်္ဂဟ၊ မ,စသင်္ဂြိုဟ်ပါ၊
၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ၊
၂၀။ အာရတီစ၊ အခမ္မ၊ နေ့,ည ကြဉ်ကုန်ပါ။
၂၁။ ဝိရတီစ၊ ထူးထွေလှ၊ ကြည်ကြမ္မ ပါပါ၊
၂၂။ မဇ္ဇပါန်၊ ယစ်မျိုးစ၊ ရှောင်ကြသူတကာ၊
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့,ည မမေ့ရာ၊
၂၄။ ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ၊
၂၅။ နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ၊
၂၆။ သန္တုဋ္ဌီစ၊ ရောင့်ရဲကြ၊ နိစ္စအလွယ်သာ၊
၂၇။ သူ၏ကျေးဇူး၊ အတိမ်မြုး၊ ကြည်နူးသိကုန်ပါ၊
၂၈။ လျှောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ၊
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံးကျင့်အပ်စွာ၊
၃၀။ ကောင်းသည့်စကား၊ ဆိုတတ်ငြား၊ အများကြည်မေတ္တာ၊
၃၁။ မကောင်းမှုအား၊ ပေးစွာရှား၊ လားလားကြဉ်ကုန်ပါ၊
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ၊
၃၃။ သုံးခါတစ်လ၊ မြတ်ဓမ္မ၊ နေ့,ည ဆွေးနွေးရာ၊
၃၄။ ခြိုးခြံကျင့်အပ်၊ သူတော်မြတ်၊ မပြတ်အရိယာ၊
၃၅။ ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြ ပဏ္ဍိတာ၊
၃၆။ အရိယ, သစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ၊
၃၇။ နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်/မင်္ဂလာ၊
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိစေ၊
၃၉။ စိုးရိမ်သောက၊ စိတ်မခွ၊ ကင်းကြလွတ်သည်သာ၊
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ၊

www.burmeseclassic.com

www.burmeseclassic.com


၄၁။ အဓိပ္ပာယ်ကို၊ ဗာဟိရ၊ ဘေးမှ လွတ်သည်သာ၊

၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကုန်ပါ၊

၄၃။ ကျက်၍အရ၊ ဈောင်လေက၊ ကြီးလှမင်္ဂလာ၊

၄၄။ ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

**မင်္ဂလာတရား (၃၈)ပါး သံပေါက် ပြီး၏။**

❖ ❖ ❖

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ ကုသလကြောင့်၊ ဒုက္ခခပ်သိမ်း၊ ပူဇော်ငြိမ်း၍၊ ပျော်ကိန်းစံရာ၊ မြိုက်ချမ်းသာသို့၊ လျင်စွာထုတ်ချောက်၊ ကွန်းမထောက်ဘဲ၊ ဆိုက်ရောက်ရလို၊ တောင်းဆုဆို၏။ ထိုထိုမြင့်ရှည်၊ ဖြစ်လေသည့်၌၊ ဇာနည်ဥက္ကဋ္ဌ၊ ယောက်ျားမြတ်တည်း။ အတတ်ပညာ၊ တတ်ကောင်းရာကို၊ ကြားကာမြင်မျှ၊ တတ်စွမ်းရာလို၊ တောင့်တပိုသည်။

ကုသိုလ်ထုံမှီ၊ ပါရမီလည်း၊ ရှင်ကြည်အေးမြ၊ ဖြည့်ကျင့်ရလို၊ မကောင်းဆိုက၊ အနိဋ္ဌတို့၊ ဝေးမှရှောင်သွေ၊ ဖကြည်စေတည်း၊ ကောင်းလေသမျှ၊ တွေ့ကြုံရ၍၊ လွယ်ကူစွာဖြင့်၊ ချမ်းသာလေအောင်၊ ကြီးပမ်းဆောင်သည့်၊ ဉာဏ်ရောင်အလင်း၊ ဆုဆောင်းခြင်းကို၊ ဖောက်ထွင်းသိမြင်၊ သမ္မဇဉ်လည်း၊ အစဉ်မကွာ၊ နတ်ပြဟ္မာနှင့်၊ ဗိုလ်ပါလူများ၊ မေတ္တာအားဖြင့်၊ လေးစားကြည်ညို၊ ကိုယ့်အလိုသို့၊ မငြိုလိုက်စေ၊ သူ့ကိုပေလည်း၊ မသွေလွယ်စွ၊ ဖြည့်ပေးရလိုသို့၊ မငြိုလိုက်စေ၊ သူ့ကိုပေလည်း၊ မသွေလွယ်စွ၊ ဖြည့်ပေးရလို။ ဘောဂရိပ်ငြိမ်၊ ရွှေနန်းသိမ်နှင့်၊ စည်းစိမ်ကြွယ်ဝေး၊ ကိုယ်မပေးက၊ တစ်ရွှေးလောဘ်ပင်၊ ချည်တစ်မျှင်မျှ၊ ယူငင်ခိုးဝှက်၊ မလုယက်စေ၊ သူ့ခါတွေ့၍၊ ဖြန့်ဝေ

ရှင်လန်း၊ ပေးလှူဒါန်းလည်း၊ မခန်းကုံလုံ၊ နယ်လုံးတုံ၍၊ ဆန့်စုံလှူနတ်၊ ပါယ်မကပ်ဘဲ၊ ထက်ရပ်တူချည်း၊ စံ၍ငြီးသော်၊ ကုံ့ကော်ပင်မြေ၊ ပလ္လင်ဗွေ၌၊ လေးထွေသစ္စာ၊ ခိုင်ရွှေကြာကို၊ ဦးစွာဆွတ်ခူး၊ သောင်းထိုက်မျုုး၏၊ ဖြန့်ဖြူးဝေငှ၊ မြတ်ဓမ္မကို၊ ပဒနှစ်သာ၊ နာယူကာဖြင့်၊ လျော်စွာမြင်သိ၊ ခေါ်ဗောဓိနှင့်၊ ညဏ်ဂါဠ္ဌိုတည်၊ အမည်တွင်သည့်၊ ထေရ်ရှင်မပေါ၊ ဖြစ်ရစေသား၊ ခြောက်တွေ့ဘိညာ၊ ဈာန်ရှစ်ဖြာနှင့်၊ လေးဖြာပဋိသမ်၊ ဘွဲ့ထူးခံ၍၊ နာမံထင်ရှား၊ သတ္တဝါများကို၊ မခြားကိုယ်တူ၊ ဘေးမဲ့ငှသို့၊ ဆောင်ယူရလို့၊ မငြင်ငြီတည်း။ ကုသိုလ်ပုညာ၊ ဖို့တာဂကို၊ အနုတ္တိုဏ်းဝင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ယမရွာတည်း၊ လူ့ရွာနတ်ရပ်၊ ကြွင်းပလပ်စေ၊ ပေးငှဝေ၏။ သက်သေခံပြု မြေအထုသည်၊ သာဓု-သာဓု-သာဓု ကောင်းချီးပေးစေသော်ဝ်။

❖ ❖ ❖

စာမူခွင့်ပြုချက်အမှတ် - (၅၀၀/၈၈) (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၄၅/၈၈) (၂)
၁၉၈၈-ခုနှစ်၊ ဖေဖော်ဝါရီလ
(ပထမအကြိမ်) အုပ်ရေ - ၂၀၀၀

**မျက်နှာဖုံး**

ဦးထွန်းလှ၊ အောင်နေဝင်းပုံနှိပ်တိုက် (၀၂၅၉၅)
အမှတ် ၁၄၂၊ ၃၄-လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်လှမြင့်၊ ချိုးဖြူပုံနှိပ်တိုက် (၀၉၆၀)
အမှတ် ၉၁၆၊ သုခိတာ ၂၄-လမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။